ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်၊ စနေနေ့၊ (10-6-2006) (၄၉၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဗယ်ကာဗာကိုဆေးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်စီမံကိန်းများ ပြည့်မီကျော်လွန် တိုးတက်အောင်မြင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများ အသိတရားရှိရှိ စေတနာပါပါ ဝိုင်းဝန်းကြိုးပမ်း စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို ဒေသအတွင်း စမ်းသပ်စိုက်ပျိုး ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ကျော်လွန်အောင် တိုးချဲ့စိုက်

နေပြည်တော် ဇွန် ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးရန် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ရွှေသာယာကျေးရွာသို့ ရောက်ရှိကြ၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မိုးမိတ်မြို့နယ်မှ ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြကာ မိုးမိတ်မြို့၌ ရပ်နားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုးမိတ်မြို့နယ်မှံမောင်းချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြေးမုံ ဆောင်းပါး၊ ကဗျာ အညွှန်း

၂၀၀၆ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

❒ *အမျိုးသမီးထု၏ အင်အား၊ စွမ်းအား၊ စွမ်းရည်တို့ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ကာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အရောက်တက်လှမ်းလျက်ရှိနေပေသည်။*
မေအိမ့်ဒါလီ၏ **"မြန်မာ့သမိုင်းနှင့် ထက်ကြပ်ပါလာသော မြန်မာအမျိုးသမီးများ"** (ဆောင်းပါး) စာမျက်နှာ–၆

❒ မွေးငယ်ငယ်၏ **"မြန်မာအမျိုးသမီးများဂုဏ်ရည်"** (ကဗျာ) စာမျက်နှာ–၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၆-၂၀၀၆
(စနေနေ့)

အလှူရှင်များစေတနာ ကျေးလက်ပြည်သူများ ဗဟုသုတဝေဖြာ

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ရာ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီးတို့၌ နေ့စဉ် လုပ်ငန်းဆောင်တာအဝဝကို လုပ်ကိုင်ကြရာတွင် ပညာဖြင့် အရာရာကို စေစားလျက် ရှိနေကြသည်။

ယင်းသို့သောအချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရမည်ဖြစ်သည်။ ယနေ့လူငယ်၊ လူရွယ်အများအပြားသည် မိမိနိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်လျက်ရှိသည်။ အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ၏ အကျိုးရလဒ်ဖြစ်သည်။

လူငယ်လူရွယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်များပြားနေသည့်နည်းတူ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားမြင့်မားနေရန်လိုအပ်သည်။ အဆိုပါ လိုအပ်ချက်ကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျေးလက်ဒေသများတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားခြင်းဖြင့် ပြည်သူများ စာပေမှတစ်ဆင့် အသိပညာ ဗဟုသုတများ ရရှိနိုင်သည်ဖြစ်ရာ စာဖတ်လိုသူများ၊ သက်ကြီးစာတတ်မြောက်သူများ စဉ်ဆက်မပြတ် လေ့လာဆည်းပူး နိုင်မည့် အခွင့်အလမ်းများ ပွင့်လန်းဝေဖြာလာမည်ဖြစ်သည်။

မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇွန်လ ၇ ရက်နေ့က မော်လမြိုင်မြို့ရှိ ရာမညခန်းမ၌ ကျင်းပရာ အလှူရှင် ၆၂ ဦးတို့က ငွေသားနှင့် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုများအပါအဝင် တန်ဖိုးငွေကျပ် ၆၆ သိန်းကျော်နှင့် စာအုပ်စာစောင် လေးထောင်ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၁၉၄၉ ရွာရှိသည့်အနက် ယခုအခါ ကျေးရွာပေါင်း ၅၄၇၀၇ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အောင်မြင်စွာ တိုးမြှင့်ဖွင့်လှစ်လာနိုင်ခြင်းသည် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာအလှူရှင်တို့၏အားဟူသည့် အားသုံးအားပေါင်းစည်းဆောင်ရွက်နိုင်မှုတို့ကြောင့်ဖြစ်သည်။ ဤသို့သော အစဉ်အလာကောင်း၊ စေတနာကောင်းများဖြင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းခြင်းဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသိပညာဗဟုသုတ မြင့်မားတိုးပွား ဝေဖြာလာမည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူမိခင်ကြီးဒေါ်စန်းစန်းအား ရည်စူး၍ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက် အဝေရာလမ်းနေ သားသမီးတစ်စုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူစဉ်။ (က-ပ)

သံတမန် ကျွမ်းကျင်မှု သင်တန်းသားများ ဝါဆိုသင်္ကန်းကပ်လှူရေး ညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဇွန် ၉

သံတမန်ကျွမ်းကျင်မှု သင်တန်းသား၊ သင်တန်းသူများ၏ နဝမအကြိမ်စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ ရက် ညနေ ၅ နာရီတွင် SS စားသောက်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အပါတ်စဉ်အားလုံးမှ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များ တက်ရောက်ကြရန်နှင့် ကိုနိုင်ဝင်း ဖုန်း-၀၉၉၉-၂၃၅၈၇ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆွမ်းပဒေသာပင် ရေစက်ချပွဲ

ရန်ကုန် ဇွန် ၉

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင် တော်မူခဲ့သော တိ-နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် (၁၂)ကြိမ်မြောက် ရာသက်ပန် ဆွမ်းပဒေသာပင် (၁၀၀၀)ပြည့် ရေစက်ချပွဲ အခမ်းအနားကို ဇွန် ၂၄ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်စာမရရှိသော်လည်း ၈-၉-၂၀၀၅မှ ၁၄-၃-၂၀၀၆ရက်အထိ လှူဒါန်းထားကြသူများနှင့် ဆွမ်းပဒေသာပင်အလှူရှင်များသည် ရေစက်ချပွဲအခမ်းအနားသို့ ကြွရောက်နိုင်ပါကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပေါ်တူဂီသမ္မတနိုင်ငံ အမျိုးသားနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ခုနှစ် ဇွန် ၁၀ရက်တွင် ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာဒီယိုဂို ဖရီးတက်ဒိုအေမာရယ်(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြားစဉ်။ (ဟိုတယ်/ခရီး)

နေပြည်တော် ဇွန် ၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇွန် ၆ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန၏ ပြီးခဲ့သော လုပ်ငန်းများဆောင်ရွက်မှုအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ မိမိတို့ ဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်နေသော ဝန်ကြီးဌာန ၁၈ခုတွင် ပါဝင်သဖြင့် ဝင်ငွေတိုးတက်များပြားရရှိအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်မှရသင့်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိအောင် စနစ်တကျကောက်ခံဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေး၊ လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကောင်းမွန်အောင် အသုံးစရိတ်များ ချွေတာပြီး ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းအားလုံး ရာထူးအဆင့်အလိုက် ပေးအပ်သော တာဝန်များကို ကျေပွန်စွာဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အောင်မြင်အောင် ဝန်ထမ်းများ အရည်အချင်းနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက် သွားကြရန်မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ၂၀၀၆ ခုနှစ်တွင် ဦးစီးဌာနဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ၂၀၀၆ ခုနှစ် လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ မြှင့်တင်ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

အစီအစဉ်အရ ဘွဲ့ထူး၊ ဂုဏ်ထူး၊ စွမ်းဆောင်ရည်ဆုနှင့် ပညာသင်စရိတ် ချီးမြှင့်ခြင်းအခမ်း အနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးက စီမံထူးချွန် (ပထမ) ရရှိသူတစ်ဦး၊ စီမံထူးချွန် (တတိယ) ရရှိသူနှစ်ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူ ငါးဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ယမကာ လုပ်ငန်းဌာနများအလိုက် လုပ်ငန်း စွမ်းဆောင်ရည်ဆုများကို ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၀၆ခုနှစ် ပညာသင်ထောက်ပံ့စရိတ်များကို ဌာနအလိုက် ဝန်ကြီးက ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-3 New Studio Complex ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းကြား မြေဧရိယာ ၉ ဒသမ ၁၈၇ ဧကရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြီးကြပ်မှုအောက်ရှိ MRTV-3 New Studio Complex ကို ကြမ်းခင်းဈေး ကျပ်သန်း ၁၈၅၆၉ ဒသမ၁၉ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇွန် ၁၄ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့၌)ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇူလိုင် ၁၄ရက်တွင်သာ(တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း အဆောက်အအုံ အမှတ်(၃၂) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နေပြည်တော်၌ တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ် ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင် မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အဆောက်အအုံ အမှတ်(၃၂) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နေပြည်တော်) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မဘိမ်းမြို့နယ်ခန်းမ၌ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်လာရေး ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း

▲ **ရှေ့ဖုံးမှ**

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မိုးမိတ်မြို့ မိုင်တိုင်အမှတ်(၀/၃) အနီး အရှည်ပေ ၃၀၀၊ အကျယ် ၁၄ ပေရှိ နမ့်မောင်းချောင်းတံတားသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးတို့က နမ့်မောင်းချောင်း၏ ရေစီးရေလာအခြေအနေ၊ တံတား၏ ခံနိုင်မှုအခြေအနေနှင့် ရေရှည်တည်တံ့ရန် ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအနီး၌ အရှည် ၃၇၆ ပေ၊ အကျယ် ၁၄ ပေနှင့် ရေလမ်းကင်းလွတ်နယ်မြေအမြင့် ၁၃ ပေရှိ နမ့်မိတ်ချောင်းတံတားသို့ ရောက်ရှိကြ၍ တံတား၏ကြံ့ခိုင်မှုနှင့် ချောင်း၏ ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိုးမိတ်-မြစ်ဆုံလမ်း၏ လမ်း၊ တံတားများအခြေအနေ၊ လမ်းဘေးဝဲယာရှိ ကျေးရွာများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအခြေအနေနှင့် နွေစပါးခင်းများ၏ အောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အုန်းကြောကျေးရွာ ကွင်းအမှတ်(၁၁)ရှိ ဆင်းရွှေလီ အထူးအထွက်တိုးနွေစပါး ဧက ၁၆၀ စိုက်ခင်း၌ သီးနှံဖွံ့ထွားဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က ဆင်းရွှေလီ အထူးအထွက်တိုး စပါးမျိုးဖြင့် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားရှိမှုနှင့် ဒေသစပါးအထွက်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသခံ တောင်သူလယ်သမားများအား စီးပွားဖြစ်ထွန်းမှုရှိသော ဆင်းရွှေလီ အထူးအထွက်တိုးစပါးကို ပြောင်းလဲစိုက်ပျိုးလာကြစေရန် လက်တွေ့ပြသ စည်းရုံးစိုက်ပျိုးကြရေး၊ ရိုးရာစိုက်စနစ်မှ ခေတ်မီစိုက်စနစ်သို့လည်းကောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း ပြောင်းလဲကျင့်သုံးစိုက်ပျိုးရေးတို့ကို ပညာပေးစည်းရုံးဆောင်ရွက်ရေး မှာကြားသည်။

လမ်းအဆင့်မြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ရွှေလီမြစ်ကမ်းရှိ မြစ်ဆုံကျေးရွာသို့ရောက်ရှိကြပြီး မြစ်ဆုံကျေးရွာ ကူးတို့ဆိပ်အနီးရှိ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား မိုးမိတ်-မြစ်ဆုံလမ်းကို လက်ရှိအခြေအနေထက် ပိုမို၍ အဆင့်မြှင့်တင်ကာ ကျောက်ချောလမ်းဖြစ်လာအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန မိုးမိတ် သစ်ထုတ်ရေးဒေသ မန်နေဂျာ ဦးဘိုးထူးက သစ်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် သစ်တောအစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ကျွန်းသစ်များကို ခုတ်လှဲထုတ်ယူခြင်းအပြင် ရေရှည်ထုတ်လုပ်သွားနိုင်ရေးအတွက် စဉ်ဆက်မပြတ် ပြန်လည်အစားထိုးစိုက်ပျိုးသွားရေး၊ စိုက်ပျိုးရာတွင်လည်း ရှင်သန်ကြီးထွားမှုရှိအောင် စနစ်တကျစိုက်ပျိုးပြုစုသွားရေးနှင့် လျာထားချက်ထက်ပိုမို၍ ထုတ်လုပ်နိုင်အောင် ကြံဆောင်လုပ်ကိုင်သွားရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေလီမြစ်တစ်ဖက်ကမ်းရှိ မဘိမ်းမြို့နယ်သို့ ရေယာဉ်ဖြင့်သွားရောက်ကြ၍ ရေကြောင်းမှ ဖောင်ဖွဲ့စုန်မျှောရန် အသင့်စုပုံထားရှိသော ကျွန်းသစ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေကြသူများအား စားသောက်ဖွယ်ရာများကို ပံ့ပိုးပေးအပ်စဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မြစ်ဆုံ-မဘိမ်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းနှင့်တံတားများအခြေအနေ၊ ပတ်ဝန်းကျင်ရှိ သစ်တောများ၊ နွေစပါးစိုက်ခင်းများနှင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့အဝင်၌ ကျင်းပသော မဘိမ်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မဘိမ်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား မဘိမ်းမြို့နယ်ရှိ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဝေငှပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်တို့က သတ်မှတ်နေရာအသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက သတ်မှတ်နေရာ အသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

မဘိမ်းမြို့နယ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၅-၂၀၀၆ခုနှစ်မှ ၂၀၀၇-၂၀၀၈ခုနှစ်အထိ ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးရေးရည်မှန်းချက်၌ ကျောက်မဲခရိုင်၌ ဧက ၁၁၀၀၀ လျာထားချက်အနက် ဧက ၁၃၂၀၀ ကို တာဝန်ယူ စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက ၃၀၀၀ စိုက်ပျိုးရန် လျာထားပြီးဖြစ်ရာ ယခုအခါ ဧက ၉၀၀ စိုက်ပျိုးထားပြီးဖြစ်သည်။ ကျန်ရှိသည့် ဧက ၂၁၀၀ အတွက် ပျိုးပင်နှင့် မျိုးစေ့များကို လက်ဝယ်၌ စုဆောင်းရရှိထားပြီးဖြစ်ရာ သက်မှတ်ကာလအတွင်း အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတာဝန်ခံ ဒေါက်တာအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ပြသ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများကို ပံ့ပိုးပေးအပ်ပြီး သူနာပြုဆရာမများနှင့် ဆရာဝန်များအတွက်လည်း ဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့ရှိ မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က မိတ်ဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာအောင်မြင့်ထွန်းအားလည်းကောင်း၊ မဘိမ်းမြို့ရှိ ပညာရေးဝန်ထမ်းများအတွက် ဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဒေါ်မြမြအားလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဆွတ်မန်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် မဘိမ်းမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံမှုအနေဖြင့်လည်း နှစ်အလိုက် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ၂၀၀၆ခုနှစ်၌ ၂၉၇ ဒသမ ၂၁ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်မှုရှိလာ၍ များစွာဝမ်းသာပီတိ ဖြစ်ရပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်လာရေးအတွက် ဌာနဆိုင်ရာများက ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးသည် အဓိကကျကြောင်း၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာမြင့်မားရေးအတွက် စိုက်ပျိုးရေးကို အခြေခံ၍ ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်စီမံကိန်းများ ပြည့်မီကျော်လွန်အောင် တိုးတက်အောင်မြင်စေရေးအတွက် အသိတရားရှိရှိ၊ စေတနာပါပါဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝလည်း အဘက်ဘက်မှ တိုးတက်မြင့်မားလာမည်ဖြစ်ရာ ဌာနဆိုင်ရာများက ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် အောင်ခြေအဆင့်ထိ နိုင်ငံတော်၏စေတနာနှင့် မူဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းစည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရော်ဘာစမ်းသပ်စိုက်ပျိုး

စိုက်ပျိုးသူအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိစေမည့် စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာကို ဒေသအတွင်း စမ်းသပ်စိုက်ပျိုးရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်က လျာထားသတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးကြရေးကို စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကောင်းစွာနားလည်သိရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းမှာကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မဘိမ်းမြို့ ရွှေလီရိပ်သာ၌ မဘိမ်းမြို့နယ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ဗီယက်နမ် ဗင်ဒွန်ကျွန်း၌ နိုင်ငံတကာလေဆိပ် တည်ဆောက်မည်

ဟန္နိုင်း ဇွန် ၈

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်လွန်ကာလတွင် ကွန်နင်းပြည်နယ်မြောက်ပိုင်းရှိ ဗင်ဒွန်ကျွန်း၌ နိုင်ငံတကာလေဆိပ် တည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အစိုးရက မကြာသေးမီကခွင့်ပြုခဲ့သည့် ကွန်နင်းပြည်နယ်ရှိ ဗင်ဒွန်စီးပွားရေးဇုန် ဖွံ့ဖြိုးရေးအစီအစဉ်အရ အဆိုပါလေဆိပ်သည် ပထမအဆင့်အနေဖြင့် နှစ်စဉ်ခရီးသည် ငါးသိန်းမှ ရှစ်သိန်းအထိ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဒုတိယအဆင့်အနေဖြင့် နှစ်စဉ်ခရီးသည် ဦးရေ သုံးသန်းမှ သုံးသန်းခွဲအထိ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ငုယင်ဒွိုင်ဟန်းက ပြောကြားသည်။

လေဆိပ်၏ ဒီဇိုင်းပုံစံကို ၂၀၁၀ ပြည့်နှစ်တွင် အပြီးသတ်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း၊ ထို့နောက် တည်ဆောက်ရေးလုပ်ငန်းများအတွက် တိကျသည့် စီမံချက်များချမှတ်မည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကို နိုင်ငံတော်ဘတ်ဂျက်နှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများထံမှ ရရှိမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ဗင်ဒွန်ကျွန်းကို ခရီးသွားလုပ်ငန်းအပန်းဖြေစခန်းအဖြစ် ဖန်တီးပေးရန်လျာထားသည့် စီမံချက်အရ ဗီယက်နမ်နိုင်ငံသည် ယင်းကျွန်းပေါ်တွင် ပြည်တွင်းသင်္ဘောဆိပ်တည်ဆောက်မည်ဖြစ်ပြီး မြို့တော်ဟန္နိုင်းနှင့် ကွန်နင်းပြည်နယ်ရှိ မွန်ကိုင်းမြို့ကို ဆက်သွယ်သည့် အဝေးပြေးလမ်းမကြီးကိုလည်း ဖောက်လုပ်မည်ဖြစ်ကြောင်း ဟန်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ယခုနှစ် ပထမငါးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသည်ဦးရေ ၃ ဒသမ ၁ သန်းကို ပို့ဆောင်ပေးခဲ့ပြီး ကုန်တန်ချိန် ၅၀၈၀၀ ကို သယ်ယူပေးခဲ့ကြောင်း၊ နှစ်အလိုက် မြင့်တက်နှုန်းမှာ ၁၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းရုံးက ကြေညာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန် နျူကလီးယားပြဿနာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းလို

တီဟီရန် ဇွန် ၈

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုပြဿနာပြေလည်ရေးတွင် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းထက် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းကို ပိုမိုကြိုက်နှစ်သက်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး မန်နူချီဟာမော့တာကီက ပြောကြားကြောင်း အိုင်အာအင်အေသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အီရန် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းထက် ပူးပေါင်းဆောင်ရွက်ရေးကို မိမိ ပိုမိုကြိုက်နှစ်သက်သည်ဟု မော့တာကီက ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီး ကေဆင်ဇိမက် တိုကာယက်နှင့် အင်္ဂါနေ့က တွေ့ဆုံပြီးနောက် သတင်းထောက်များကို ပြောကြားသည်။ ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ဟာဗီးယားဆိုလာနာ၏ အဆိုပြုချက်များကို အီရန် နျူကလီးယားညှိနှိုင်းရေးမှူး အလီလာရီဂျာနီထံသို့ အင်္ဂါနေ့တွင် တင်သွင်းခဲ့သည်။

မိမိတို့၏ ဆွေးနွေးပွဲသည် အပြုသဘောဆောင်ကြောင်း၊ အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ် အချို့ချမှတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းအစီအစဉ်တွင် အဓိပ္ပာယ်နှစ်ခွ ထွက်သည်များပါဝင်နေကြောင်း၊ ယင်း အဆိုပြုချက်ကို မိမိတို့လေ့လာပြီး တုံ့ပြန်ပြောကြားမည်ဖြစ်ကြောင်း လာရီဂျာနီက သတင်းထောက်များအား ပြောကြားသည်။

အဆိုပြုချက်သည် ယခုအခါ စားပွဲပေါ်တွင် ရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် အပြုသဘောဆောင်ပြီး နှစ်ဦးနှစ်ဖက် ကျေနပ်သဘောတူနိုင်မည့် တုံ့ပြန်ချက်ရရှိနိုင်မည်ဟု ဆိုလာနာက မော့တာကီနှင့် သီးခြား တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ပြီးနောက် သတင်းထောက်များကို ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရဲတပ်ဖွဲ့ဝင်များ စားစာခံကယ်ဆယ်ရေး လေ့ကျင့်နေကြသည်ကို ဇွန် ၇ ရက်က တွေ့ရစဉ်။(*ဓာတ်ပုံ–အင်တာနက်*)

အိန္ဒိယတွင် အိုင်ဘီအမ်ကုမ္ပဏီ ဒေါ်လာ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ ဇွန် ၈

သတင်းအချက်အလက် နည်းပညာဆိုင်ရာ ထုတ်ကုန်လုပ်ငန်းကုမ္ပဏီများအနက် ကမ္ဘာ့အကြီးဆုံး ကုမ္ပဏီဖြစ်သော အိုင်ဘီအမ်ကုမ္ပဏီသည် လာမည့် သုံးနှစ်တာကာလတွင် အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဇွန် ၆ ရက်တွင် အိန္ဒိယနိုင်ငံ ဘင်ဂလိုမြို့ရှိ အိုင်ဘီအမ် ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

နိုင်ငံတကာတွင် လှုပ်ရှားသည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ရောက်ရှိလာစေရန်အတွက်လည်းကောင်း၊ ဈေးကွက်တိုးချဲ့မှု အခွင့်အရေးများ ရယူနိုင်ရန်လည်းကောင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုက အထောက်အပံ့ ဖြစ်လာမည်ဖြစ်ကြောင်း ဘင်ဂလိုမြို့၌ ပြုလုပ်သည့် ၂၀၀၆ ခုနှစ် ကုမ္ပဏီရင်းနှီးမြှုပ်နှံသူနှင့် အကြီးအကဲများစည်းဝေးပွဲ၌ ဥက္ကဋ္ဌ ဆာမူလ် ပါလ်မီဆန်နိုက ပြောကြားသည်။

ပြီးခဲ့သော သုံးနှစ်တာကာလတွင် အိန္ဒိယနိုင်ငံ၌ အိုင်ဘီအမ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ယင်းမှာ အိန္ဒိယနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း အိုင်ဘီအမ်၏ ရင်းနှီးမြှုပ်နှံမှု ပမာဏအများဆုံး ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံရှိ အိုင်ဘီအမ် လက်အောက်ခံကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၄၃၀၀၀ ခန့်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျကာတာပြည်နယ် ဂန်အန်းကီဒူးလ်မြို့တွင် ကလေးများအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးပေးနေသည်ကို ဇွန် ၇ရက်က တွေ့ရစဉ်။

(*ဓာတ်ပုံ–အင်တာနက်*)

ဆူဒန်နိုင်ငံမှ တင်ပို့သော ကုလားအုတ်များကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဇွန် ၇ ရက်က တွေ့ရစဉ်။

(*ဓာတ်ပုံ–အင်တာနက်*)

မူးယစ်ဆေးဝါး ဂိုဏ်းများကို ဖြိုခွင်း

လန်ဒန် ဇွန် ၈

ဗြိတိန်နှင့် ကိုလံဘီယာနိုင်ငံတို့ရှိ နိုင်ငံတကာ မူးယစ်ဆေးဝါး မှောင်ခိုကွန်ရက်များ၌ ပါဝင်လှုပ်ရှားသူများအဖြစ် သံသယရှိသူ ၁၂ ဦးကို ရဲတပ်ဖွဲ့က ဇွန် ၇ ရက်တွင် ဖမ်းဆီးလိုက်သည်။

လန်ဒန်မြို့နှင့် ကင့်မြို့တို့ရှိ နေအိမ် ၁၉ လုံးကို အရုဏ်ဦးတွင် အချိန်ကိုက်ကြိုတင်စီမံ၍ ရဲအရာရှိ ၁၀၀ ကျော်တို့က စီးနင်းဖမ်းဆီးခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုလံဘီယာအခြေစိုက် မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းနှင့် လန်ဒန်အခြေစိုက် မူးယစ်ဆေးဝါး ဂိုဏ်းနှစ်ဂိုဏ်းတို့ကို ဖော်ထုတ်နိုင်ရန် နှစ်နှစ်ကြာမျှ ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ရပြီးနောက် ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်တွင် ကနေဒါတပ်ဖွဲ့ဝင်များ ပြန်ပေးဆွဲခံရခြင်းမရှိဟုဆို

အော့တာဝါ ဇွန် ၈

အာဖဂန်နစ္စတန်နိုင်ငံတွင် ကနေဒါတပ်ဖွဲ့ဝင်များ ပြန်ပေးဆွဲခံခဲ့ရသည်ဟု စောစောပိုင်းက ထွက်ပေါ်ခဲ့သည့် သတင်းမှာ မှားယွင်းကြောင်း၊ အားလုံးသော တပ်ဖွဲ့ဝင်များ ဘေးမသီရန်မခ ရှိနေကြောင်း ကနေဒါတာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် ဖြန့်ကြက်ထားသည့် ကနေဒါတပ်ဖွဲ့ဝင် ဦးရေ လျော့နည်းမှု ရှိ၊ မရှိ စိစစ်ပြီးခဲ့ကြောင်း ကနေဒါ တပ်ဖွဲ့ဝင် ၂၃၀၀ နှင့် အပေါင်းပါ တပ်ဖွဲ့ဝင် ၄၂၀၀ တို့ ဘေးမသီရန်မခ ရှိနေကြကြောင်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရစ်ဟီလီယာက ပြောကြားသည်။

တာလီဘန် ပြောက်ကျားများက ကနေဒါတပ်ဖွဲ့ဝင်များနှင့် အခြား အပေါင်းပါတပ်ဖွဲ့ဝင်များကို ပြန်ပေးဆွဲခဲ့သည်ဟု ကြေညာခဲ့ကြောင်း အယ်ဂျာဇီယာရုပ်မြင်သံကြားဌာနနှင့် ရိုက်တာသတင်းဌာနတို့က ဖော်ပြပြီးခဲ့သည့်နောက် ကနေဒါတပ်ဖွဲ့ဝင်ဦးရေ လျော့၊ မလျော့ တစ်ဦးချင်းရေတွက်ပြီးစီးခဲ့ကြောင်း ၎င်းကပြောကြားသည်။ လေးနာရီခန့် ရေတွက်အပြီး အီရတ်တွင် စခန်းချထားသည့် တပ်ဖွဲ့ဝင် ၂၃၀၀ အနက် ပျောက်ဆုံးသူမရှိဟု စစ်ဘက် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အီတလီတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

ရောမ ဇွန် ၈

အီရတ်နိုင်ငံတွင် တနင်္လာနေ့က အီတလီ စစ်ဘက်မော်တော်ယာဉ်တန်း တိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆာရီယာမြို့ မြောက်ဘက် ကီလိုမီတာ ၁၀၀ခန့်အကွာရှိ တာလီမြို့သို့ သွားသည့် ဗြိတိသျှမော်တော်ယာဉ်တန်းကို စောင့်ရှောက်လိုက်ပါသွားသည့် အီတလီစစ်ဘက်မှ မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးဖြင့် ဖောက်ခွဲခံရခြင်းဖြစ်သည်ဟု ဖော်ပြပါဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ ဗုံးပေါက်ကွဲကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇွန် ၆ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ကလေးဆေးရုံတွင် လက်သုံးဖက်ပါရှိသည့် နှစ်လသားအရွယ် ယောကျ်ားလေးတစ်ဦးအား ခွဲစိတ်ကုသမှုခံယူပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုမသင်္ကာသူများအား လွှဲပြောင်းပေးသည့်အရှုပ်တော်ပုံ ဥရောပနိုင်ငံများ ပူးပေါင်းကြံစည်ခဲ့ကြဟုဆို

ပါရီ ဇွန် ၈

အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန (စီအိုင်အေ)က ထိန်းချုပ်ဖွင့်လှစ်ထားသည့် အကျဉ်းစခန်းများနှင့် အကြမ်း ဖက်သမားများအဖြစ် သင်္ကာမကင်းဖြစ်သူများကို လွှဲပြောင်းပေးနေသည့် အရှုပ်တော်ပုံကိစ္စနှင့် ပတ်သက်၍ ဥရောပဒေသရှိ ၁၄ နိုင်ငံက တိတ်တဆိတ် ပူးပေါင်းကြံစည်နေကြကြောင်း ဥရောပမှ လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့တစ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

စီအိုင်အေက ဖွင့်လှစ်ထားသည့် အကျဉ်းစခန်းနှင့် ဖော်ပြပါ အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းဖြစ်သူ လွှဲပြောင်းရေးကိစ္စအပေါ် ဥရောပနိုင်ငံများက တက်ကြွစွာ သို့တည်းမဟုတ် သွယ်ဝိုက်၍ ပါဝင်ဆောင်ရွက်နေကြကြောင်း ဥရောပပါလီမန်ကောင်စီ၏ ပြောကြားချက်ကို ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဥပဒေနှင့်ကိုက်ညီမှုမရှိသည့် ဖော်ပြပါ ဆောင်ရွက်မှုများကို ဥရောပရှိ နိုင်ငံအများစုမှ အာဏာပိုင်များက စီအိုင်အေနှင့်တိတ်တဆိတ်ပူးပေါင်းကာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသည်မှာ အထင်အရှားကိစ္စဖြစ်နေသည်ဟု ဥရောပဆွစ်ဇာလန်ကောင်စီမှ စုံစမ်းစစ်ဆေးရေးမှူး ဒစ်မာတီက ပြောကြားသည်။

အခြားနိုင်ငံများက သိလျက်ဖြင့် လျစ်လျူရှုထားကြသည်ဟု ၎င်း၏ ပြောကြားချက်ကို ၆၅ မျက်နှာရှိ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် ယင်းကိစ္စနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံအများစုကို ဖော်ပြထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

နိုင်ငံတကာသတင်းများ

တရုတ်ခရီးသည် ပိုမိုလာရောက်ရေး စပိန်ဆွဲဆောင်မည်

ပေကျင်း ဇွန် ၈

စပိန်နိုင်ငံသည် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေရေး ဆွဲဆောင်သွားနိုင်ရန် တရုတ်စကားပြော ဧည့်လမ်းညွှန်များကို ပိုမိုလေ့ကျင့်ပေးရန် လည်းကောင်း၊ ယဉ်ကျေးမှု အမွေအနှစ်များ လေ့လာရေး ခရီးစဉ်များ ပိုမိုတိုးချဲ့ရန် လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ပေကျင်းရှိ စပိန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စပိန်နိုင်ငံသည် သမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်း စောင့်ရှောက်ထားသည့် နေရာများတွင် လှည့်လည်ကြည့်ရှုရန် စိတ်ဝင်စားသည့် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် တရုတ်စကားပြော ဧည့်လမ်းညွှန်များကို လေ့ကျင့်ပေးမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ ပါဝင်ဆင်နွှဲနေသည့် ဖက်ရှင်မယ်တစ်ဦးကို ဇွန် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံသား ငါးဦး နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရ

လေဂို့စ် ဇွန် ၈

တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီ၏ဝန်ထမ်းဟု ယူဆရသည့် တောင်ကိုရီးယားနိုင်ငံသား ငါးဦးသည် နိုင်ဂျီးရီးယားနိုင်ငံ ရေးဗားပြည်နယ်၌ ဗုဒ္ဓဟူးနေ့တွင် ပြန်ပေးဆွဲခံရကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

နိုင်ဂျာမြစ်ဝှမ်း လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (မင်အဖွဲ့) ခေါင်းဆောင်အဆာရီကို ဆက်လက်ထိန်းသိမ်းထားရန် အယူခံတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်သည့်အနေဖြင့် မင်အဖွဲ့က ဒေဝူးကုမ္ပဏီ၏ ပရိဝုဏ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု မင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဂျိုမိုက ပြောကြားသည်။ ဓားစာခံများအဖြစ် အဖမ်းခံရသည့် ၎င်းဝန်ထမ်းများသည် ဒေဝူးကုမ္ပဏီဝန်ထမ်းများ ဖြစ်ကြပြီး ၎င်းတို့၏ အမည်များမှာ အိပ်ချ်ဂျေကွမ်၊ အေပတ်၊ အက်စ်ဘီကင်မ်၊ အိုကေကင်မ်နှင့် အိပ်ချ်ဒီကင်မ်တို့ ဖြစ်ကြသည်ဟု ၎င်းက ပြောကြားသည်။ ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်ပြီး မိမိတို့၏ အခြေစိုက်စခန်းတစ်ခုတွင် ၎င်းတို့ရောက်ရှိနေပြီဟု ဂျိုမိုက ပြောကြားသည်။

နိုင်ဂျီးရီးယားအစိုးရအနေဖြင့် မိမိတို့ တောင်းဆိုထားသည့် လူများကို လွှတ်ပေးနေသည်ထက် အကျဉ်းသားချင်း လဲလှယ်သည့်ကိစ္စအပေါ် ပိုမိုစိတ်ဝင်စားရန် မင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ၌ ဓာတ်အားထုတ်လုပ်မှုမြှင့်တင်

ပေကျင်း ဇွန် ၉

တရုတ်နိုင်ငံတွင် တပ်ဆင်ပြီး ဓာတ်အားလိုင်းများ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏသည် ၅၃၁ ဂီဂါဝပ် (gigawatt) ရှိပြီး ယခုနှစ်တွင် ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ရန်အတွက် ဂီဂါဝပ် ၇၀ ရှိ ဓာတ်အားလိုင်းများ အသစ်တပ်ဆင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း တရုတ်နိုင်ငံမှ အထက်တန်း တာဝန်ရှိသူတစ်ဦးက ဇွန်လ ၈ ရက်တွင် ပြောကြားသည်။

ယခုနှစ်၏ ပထမနှစ်ဝက်တာကာလတွင် တရုတ်နိုင်ငံ၏ ဓာတ်အားပေးဝေမှုနှင့် သုံးစွဲမှုမှာ ယေဘုယျအားဖြင့် ညီမျှမှု ရှိနေမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင်(အင်ဒီအာစီ)မှ ဒုတိယဥက္ကဋ္ဌ ဇန်ဂူအိုဘာအိုက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တန်ဇန်းနီးယား၌ ကုန်တင်ယာဉ်မှောက်၊ ၂၈ ဦး သေဆုံး

ဒါရက်ဆလမ် ဇွန် ၈

တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ဗုဒ္ဓဟူးနေ့တွင် ကုန်တင်ယာဉ်တစ်စီး မှောက်သွားသဖြင့် လူ ၂၈ ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာအပြင်းအထန်ရရှိသွားသည်။ ယာဉ်ပေါ်လိုက်ပါလာသူများမှာ ဝိတိုရိယရေအိုင်ကြီး၏ ကမ်းခြေရှိ မြို့တစ်မြို့မှ ဒါရက်ဆလမ်မြို့၏ အနောက်မြောက်ဘက်ရှိ ကီဂိုမာဒေသသို့ ခရီးသွားနေသူများ ဖြစ်ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗင်နီဇွဲလားတွင် သစ်ပင်ပေါင်း သန်း ၁၀၀ စိုက်ပျိုးရန် စီစဉ်

ကာရာကက်စ် ဇွန် ၆

ဗင်နီဇွဲလားနိုင်ငံတွင် လာမည့်ငါးနှစ်ကျော်ကာလအတွင်း မြေနေရာ ဟက်တာ ၁၅၀၀၀၀ ၌ သစ်ပင်အပင်ပေါင်းသန်း ၁၀၀ စိုက်ပျိုးရန် စီစဉ်ထားသည်ဟု ဗင်နီဇွဲလားနိုင်ငံ သမ္မတ ဟူဂိုချာဗက်ဇ်က ဇွန်လ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မျိုးစေ့နှင့် ပျိုးပင်များကို စုဆောင်းထားပြီး သစ်ပင်စိုက်ပျိုးရေး အစီအစဉ်ကို အဆင့်သုံးဆင့်ခွဲ၍ ပြုလုပ်မည်ဖြစ်ကြောင်း၊ သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် ကတိပြုထားသည့်အတိုင်း ဗင်နီဇွဲလားနိုင်ငံက ဆောင်ရွက်ခြင်းဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် သေဆုံးသူ တူရကီနိုင်ငံသား ၁၀၀ ကျော်ရှိ

အန်ကာရာ ဇွန် ၇

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ အီရတ်နိုင်ငံတွင် တူရကီနိုင်ငံသား ၁၀၀ ကျော် သေဆုံးကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အဒူလာဂူလ်က ဇွန် ၅ ရက်တွင် ထုတ်ပြန်ပြောကြားသည်။

သေဆုံးသွားသော တူရကီနိုင်ငံသားအားလုံးနီးပါးသည် ကုန်တင်ကားမောင်းသူများဖြစ်ကြောင်း ထရုပတ်ပါတီ(ဒီဝိုင်ပီ)မှ မေးမြန်းချက်ကို ဂူလ်က ပြန်လည်ဖြေကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရသော တူရကီနိုင်ငံသားစုစုပေါင်း ၈၆ ဦးရှိပြီး ၎င်းတို့အနက် ၅၉ ဦး ပြန်လည်လွတ်မြောက်လာကြောင်း၊ ကျန်ရှိနေသောလူများ မည်သည့်နေရာတွင် ရှိသည်ကိုသိရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတွင် တူရကီနိုင်ငံသား ကုန်တင်ကားမောင်းသူများသည် သေနတ်သမားများ၏ ပြန်ပေးဆွဲခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကိုခံခဲ့ရသည်။

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ထံသို့ ကုန်စည်များ ပို့ဆောင်ပေးမှုကြောင့် ၎င်းတို့ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု အချို့ယာဉ်မောင်းများက ယုံကြည်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျာမနီနိုင်ငံ ဒိုင်မလာ ခရိုက်စလာကုမ္ပဏီမှ ထုတ်လုပ်သည့် မာစီးဒီးကားတစ်စီးကို ဇွန် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာ့သမိုင်းနှင့် ထက်ကြပ်ပါလာသော မြန်မာအမျိုးသမီးများ

မြန်မာနိုင်ငံသည် ဘာသာရေးလွတ်လပ်ခွင့်ရှိပြီး ဘာသာတရားမျိုးစုံကို ကိုးကွယ်ကြသူများ အတူတကွ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၌ အမျိုးသား အမျိုးသမီးအားလုံး တန်းတူညီမျှရရှိကြသော လွတ်လပ်စွာ ကိုးကွယ်ခွင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော် အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားလူမျိုးအားလုံးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စရိုက်လက္ခဏာများကိုယ်စီရှိကြသည်။ ယဉ်ကျေးမှုအစဉ်အလာကို လူမျိုး၊ အသားအရောင်၊ အဆင့်အတန်းမခွဲခြားဘဲ တန်းတူထိန်းသိမ်းခွင့်၊ ခံယူကျင့်သုံးခွင့်၊ တိုးတက်မြှင့်တင်ခွင့်ရကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၌ အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ အသားအရောင် ခွဲခြားဆက်ဆံမှု ကင်းစင်၍ လွတ်လပ်သော ယဉ်ကျေးမှုဘဝ ပိုင်ဆိုင်ခွင့်ပင်ဖြစ်ပေသည်။

မြန်မာတို့သည် ဤမြန်မာ့မြေပေါ်၌ စတင်ပေါက်ဖွားကြသော မြန်မာနိုင်ငံသား၊ မြန်မာဇာတိဖွားများ ဖြစ်ကြသည်။ တကောင်းမှ စတင်တွက်ကြည့်လျှင်ပင် မြန်မာ့မြေ၌ ထီးနှင့်နန်းနှင့်၊ ကြငှန်းနှင့်နေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၂၅၀၀ကျော်ပြီကို သိနိုင်၏။ တောင်ကြီးခရိုင် ရွာငံမြို့နယ် ပြဒါးလင်းဂူစုမှ တွေ့ရှိရသော၊ ထို့ပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွေ့ရှိရသော ကျောက်ခေတ်သုံးပစ္စည်း၊ လက်နက်၊ နံရံဆေးရေးပန်းချီ အထောက်အထားများအရ မြန်မာ့မြေ၌ မြန်မာကျောက်ခေတ်လူသားများ ပေါက်ဖွားနေထိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဤသို့ဆိုသော် မြန်မာတို့သည် မြန်မာ့မြေ၌ လွန်ခဲ့သော နှစ်ပေါင်းသန်းချီကာလကတည်းကရှိနေခဲ့ပြီဟု ဆိုနိုင်၏။ ထပ်မံ သုတေသနပြုချက်အရ တွေ့ရှိရသည့် ပုံတောင်ပုံညာဒေသ ကျောက်ဖြစ်ရုပ်ကြွင်း၊ လူတူပရိုင်းမိတ်သက်သေခံပစ္စည်းများအရ ကမ္ဘာ့လူသားအစ မြန်မာက၊ မြန်မာအစ ပုံတောင်ပုံညာဒေသကဟု ဂုဏ်ယူဝင့်ကြွားနိုင်ပါသည်။ ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းများကို နိုင်ငံတကာပညာရှင်များ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်အရ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၄၀ ရှိပြီဟု သိရသည်။

မြန်မာဟူသည် မြန်မာ့မြေ၌ ရှေးပဝေသဏီကပင် ပေါက်ဖွားနေထိုင်ခဲ့သော မူလပကတူးလူမျိုးဖြစ်သည်။ ပြင်ပမှ လာရောက်အခြေစိုက် နယ်ပယ်ချဲ့ထွင်လာသူများဖြင့် တည်ထောင်သော နိုင်ငံမဟုတ်။ ဤမြေ၌ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု စသည့် ပန်း ၁၀ မျိုး အနုပညာရပ်များ၊ ဗိသုကာပညာရပ်များ ထွန်းကားခဲ့သည်မှာလည်း ရာစုနှစ်နှင့်သာမက ထောင်စုနှစ်နှင့် ချီခဲ့ပြီဖြစ်သည်။ ဤမြေ၌ သစ်တောသယံဇာတ၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတမျိုးစုံကြွယ်ဝသည်။ စပါးကောက်နှံပေါလှပြီး ပတ္တမြားကျောက်သံ တောထနေသည်။ ဥတုရာသီ ရေအရင်းအမြစ်၊ မြေဩဇာ မြေဆီမြေနှစ် ကောင်းလှသည်။ ဘုရားပေးသော ရေ၊ မြေ၊ ရတနာများဖြစ်သည်။ ဤသည်မှာ မြန်မာတို့၏ ဇာတိပုည ဂုဏ်မာနတက်စရာများပင်ဖြစ်သည်။ ဤနိုင်ငံတွင် မြန်မာအမျိုးသမီး ဖြစ်လာရသည်မှာ ကံထူးလှပေသည်။

မြန်မာအမျိုးသမီးများသည် ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခွင့်အရေးများ အစဉ်အလာအရ သမိုင်းပေးအမွေအဖြစ် ရရှိခံစားနိုင်ခဲ့ကြသည်။ ၂၀ ရာစု ပထမတစ်ဝက်ခန့်ကပင် အမျိုးသမီးများမဲဆန္ဒပေးခွင့်၊ အရွေးခံခွင့်အပါအဝင် နိုင်ငံရေးအခွင့်အလမ်း (ဝါ) နိုင်ငံသား အခွင့်အရေးများ အပြည့်အဝရရှိခဲ့သည်။ ဘာသာရေး၌ လည်း လွတ်လပ်စွာ ကိုးကွယ်နိုင်ကြသည်။

အလုပ်အကိုင်၊ စီးပွားကုန်သွယ် အခွင့်အလမ်းများ တန်းတူရကြသည်။ လယ်ယာခွင်၊ စက်ရုံ အလုပ်ရုံ၊ ရုံးလုပ်ငန်း၊ ကာကွယ်ရေးနယ်ပယ် (တပ်မတော်၊ ရဲတပ်ဖွဲ့ စသည်တို့)၊ သာသနာ့ဝန်ဆောင်နယ်ပယ်တို့၌ အမျိုးသမီးများ ပါဝင်နေသည်ကို တွေ့နိုင်ကြပေသည်။

နိုင်ငံအချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ လုံးလုံးကျရောက်ခဲ့စဉ်က သူ့ကျွန်မခံ ခုခံတွန်းလှန်သောစစ်ပွဲများ၊ YMBA, GCBA၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ စသည့် လွတ်လပ်ရေး ကြိုးပမ်းသည့် အဖွဲ့အစည်းများ၊ ကျွန်ပညာရေးတိုက်ပွဲ၊ ရေနံမြေ

မေအိမ့်ဒါလီ

အလုပ်သမားအရေးတော်ပုံ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲစုံ၌ မြန်မာအမျိုးသမီးတို့ ပါဝင်ကြိုးပမ်းမှုများ သမိုင်းပြောင်ခဲ့သည်။ လွတ်လပ်ရေးအောင်ပန်း ဆွတ်ခူးရာ၌ အမျိုးသမီးတို့၏ အခန်းကဏ္ဍ ကြီးမားကျယ်ပြန့်စွာ ပါဝင်ခဲ့သည်။

လွတ်လပ်ရေး ထာဝရအဓွန့်ရှည်အောင်၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရာ၌ မြန်မာအမျိုးသမီးတို့သည် စုစည်းညီညာ တက်ကြွထက်မြက်စွာ ပါဝင်လျက်ရှိသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ၌ အမျိုးသမီးအလွှာစုံ၊ အရွယ်စုံ ပါဝင်လျက်ရှိသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ဒီမိုကရေစီလမ်းပြမြေပုံခေါ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ရာနှုန်းပြည့် ထမြောက်အောင်မြင်စေရန် မြန်မာ အမျိုးသမီးတို့ စုစုစည်းစည်း ပါဝင်လျက်ရှိပေသည်။

မြန်မာအမျိုးသမီးထုကြီး စုစည်းညီညာ ပြည်သာဖွံ့ဖြိုးရာ၌ ပါဝင်စေရန် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

၂။ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

၃။ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

၄။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

၅။ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၆။ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်။

၇။ အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

အမျိုးသမီးထု၏ အင်အား၊ စွမ်းအား၊ စွမ်းရည်တို့ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ကာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အရောက်တက်လှမ်းလျက်ရှိနေပေသည်။ ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်းဟူသော စကားပုံကဲ့သို့ အမျိုးသမီးတို့၏ သဘာဝနုနယ်ကြော့ရှင်း ဖော့ယမင်းသို့ အလှကြွယ်သော်လည်း နိုင်ငံကို ကာကွယ်ရာ၌၊ နိုင်ငံတိုးတက်စေရန် ကာယဉာဏအင်အားထုတ်၍ လုပ်ကိုင်ရာ၌ ကြံ့ခိုင်ကြပေသည်။

ပုခက်လွှဲသောလက်များ၊ စာရေးသောလက်များ၊ လယ်စိုက်ကောက်ရိတ်သောလက်များ၊ စက်မှုလက်မှု နယ်ပယ်မှ ကုန်ထုတ်သောလက်များ၊ လက်ပေါင်းစုံယှက်နေသော လှည်းပုံတောင်းပမာဖြစ်ရသည်။

မြန်မာအမျိုးသမီးတို့၏ အလှဂုဏ်ရည်၊ ဘဝဂုဏ်ရည်၊ ပညာဂုဏ်ရည်၊ စွမ်းအားဂုဏ်ရည်တို့တွင် အမျိုးသားရေးဂုဏ်ရည်တင့်သည်ထက် တင့်နေရပေသည်။ အမျိုးသားရေးဂုဏ်ရည်ဟူသည် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဇာတိမာန်တို့ ပေါင်းစပ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုစိတ်ဓာတ် စွမ်းရည်ပင်ဖြစ်ပေသည်။

ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် ပြည်ထောင်စုသားများဘဝ မြှင့်တင်ရေး၊ ပြည်ထောင်စုကြီး ထာဝရ ငြိမ်းချမ်းနေစေရေး၊ ပြည်ထောင်စုကြီးထာဝရတည်တံ့ရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးသာယာဝပြောရေးတို့ကို လက်ချင်းယှက်၍ စုစည်းညီညာ သယ်ပိုးကာဖြင့် ပြည်ထောင်စု၏ သမီးကောင်းများအဖြစ် အစဉ်ရပ်တည်သွား နိုင်ကြပါစေဟု ဆုတောင်းရင်း မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးတို့၏ အလှဂုဏ်ရည်၊ ဘဝဂုဏ်ရည်၊ ပညာဂုဏ်ရည်၊ စွမ်းအားဂုဏ်ရည်တို့တွင် အမျိုးသားရေးဂုဏ်ရည် တင့်သည်ထက်တင့်နေရပေသည်။ အမျိုးသားရေး ဂုဏ်ရည်ဟူသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဇာတိမာန်တို့ ပေါင်းစပ် ဖွဲ့စည်းအပ်သော ပြည်ထောင်စုစိတ်ဓာတ်စွမ်းရည်ပင်ဖြစ်။

၂၀၀၆ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

မြန်မာအမျိုးသမီးများဂုဏ်ရည်

❏ ဒို့မြန်မာပေါင်းစည်းအား
ဖွဲ့စည်းထားခိုင်မာ၊
မြန်မာတို့သမိုင်းမှာ
အစဉ်လာဝင့်ကြွား၊
မာန်အားစိတ်ကိုယ်စီနဲ့
တွဲလက်ညီရှေ့ခရီး
ပေါင်းစည်းအလေးထား။

❏ အမျိုးသမီးဘဝတိုးတက်ရေး
အားပေးလို့ညှိနှိုင်းကာ
ယဉ်ကျေးမှုအဖြာဖြာ
ကျန်းမာမှု စီးပွားရေး၊
မြော်တွေးကာဦးဆောင်ပြု
ထောက်ရှုမနေး။

❏ အကြမ်းဖက်မှု ကာကွယ်ရေး
အလေးပေးစွမ်းဆောင်၊
အမျိုးသမီးထု စုပေါင်းလို့
မြင့်ခဲ့လူ့ဘောင်။
မြန်မာတို့ဂုဏ်ရောင်
မြင့်မားအောင်စောင့်ထိန်း။
မျိုးချစ်မာန်ညီညွတ်စိတ်နဲ့
ကောင်းနိမိတ်ဟိန်း။

❏ သက်တမ်းမှာ"ဆယ်"နှစ်
ထွန်းသစ်ခဲ့ သမိုင်းမှတ်တိုင်၊
တွဲလက်ညီဆက်ကာလှမ်း
ကမ်းဆင့်မြိုင်ဆိုင်။
မဏ္ဍိုင်ပြုအခြေခိုင်
တွဲလက်မြိုင်ဖွဲ့စည်း၊
အရေးကြီးလျှင်သွေးနီးလို့
ပေါင်းစည်းမှုစွမ်းသတ္တိ
အားဖြည့်မြောက်ချီး။ ။

(၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...)

မွေးငယ်ငယ်

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၈ ရက်က အမှတ်(၁/၂)ရပ်ကွက်၊ ရောင်ခြည်သစ် စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ် နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမင်းလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။(ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဆေးရုံကြီးများသို့ ဆေးနှင့် ဆေးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့သွားရောက်ပြီး ငွေကျပ်သိန်း ၆၀တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူညိုက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ နံနက် ၁၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၌ ငွေကျပ်၇၅သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းတို့က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲများသို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဆေးရုံများမှ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့် ဆရာဝန် ဆရာမများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့်အဖွဲ့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့်သင်ကြားရေး ဆေးရုံကြီး၌ ငွေကျပ် ၇၅သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာစိုးတင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(မိခင်/ကလေး)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေး သိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ "X"၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ စာတည်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂–၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲ ရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ်ဇွန်လအတွက်

(၁၁–၆–၂၀၀၆)ရက်နေ့ နှင့်

(၂၅–၆–၂၀၀၆)ရက်နေ့

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အဝေရာလမ်းနေ ကွယ်လွန်သူဦးမြင့်ဦးအား ရည်စူး၍ ဦးမောင်မောင်သန်း၊ ဒေါ်မြင့်မြင့်ရွှေ၊ ဦးဝင်းမောင်၊ ဒေါ်သန်းသန်း မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက်၊ ဗြဟ္မဝိဟာရ စာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဦးရွှေထိုက်နှင့် ဦးရဲဝင်းအောင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

အင်ဒိုနီးရှား ငလျင်ဒုက္ခသည်များအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာမြို့၌ ၂၀၀၆ခုနှစ် မေ၂၇ရက် နံနက်ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ရှိ မြေငလျင်လှုပ်ခဲ့သဖြင့် လူ ၆၅၀၀ခန့်သေဆုံးပြီး လူ ၂၀၀၀၀ ကျော်ဒဏ်ရာရရှိကာ လူဦးရေ၂၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါ ငလျင်ဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးရန်ပုံငွေရရှိရန် ရန်ကုန်မြို့ရှိ Hotel Union နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံမှူတ နိုင်ငံသံရုံးတို့ ပူးပေါင်း၍ ၂၀၀၆ခုနှစ် ဇွန် ၁၈ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲမှ ရရှိသော ကယ်ဆယ်ရေးရန်ပုံငွေဖြင့် ငလျင်ဘေးဒုက္ခသည်များ အတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

ငလျင်ဒုက္ခသည်များအတွက် အစားအစာ၊ ဆေးဝါး၊ မီးအိမ်၊ မီးသတ်နှင့် မိလ္လာသုံးပစ္စည်းများ အမြန်ဆုံးလိုအပ်လျက်ရှိကြောင်းသိရှိရသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့် ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပါကလည်း သီးခြားလှူဒါန်းနိုင်ကြောင်း အင်ဒိုနီးရှားသံမှူတနိုင်ငံ သံရုံးက ဖိတ်ခေါ်ထားသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများနှင့် အလှူရှင်များသည် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံမှူတနိုင်ငံသံရုံးမှ Mr. Philemon Arobaya၊ Mr. Elvis Haroenir Suheri နှင့် ဦးကိုကိုမောင်၊ ဖုန်း ၀၁–၂၅၄၄၆၅၊ ၀၁–၂၅၄၄၆၈၊ အီးမေးလ်(KUK(a) kbriyangon. com. mm) တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပ၍ ကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေရာတွင် ပန်းလှိုင်ဂေါက်ကွင်း၊ ဟိုတယ်နီကိုး၊ ကမ်းနားဟိုတယ်၊ ကန်တော်ကြီးဟိုတယ်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့တို့က ပူးပေါင်းပါဝင် ကူညီကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၆–၂၀၀၆(စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	မိသားစုတနင်္ဂနွေ (စွယ်တော်မြတ်စေတီ)
၇း၂၀	မေးကြည့်ဖြေကြည့်ပဟေဠိ (ကျော်ရှိန်း၊ စုချစ်ဇော်)
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ နှစ်(၆၀)ပြည့်အခမ်းအနား
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	Graphic Design (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	World Cup Special (Group-H)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	Science Tech Today (ဘိုင်အိုဒီဇယ်ဆီ) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင်]
၁၁း၀၅	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မေတ္တာမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

❍ **ကျော်ဖုံးမှ**

စိုက်ပျိုးပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာတွင် လောင်စာဆီအခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် လောင်စာဆီပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုး တီထွင်ကြံဆလျက်ရှိကြကြောင်း။

ထိုကဲ့သို့ လောင်စာဆီအတွက် အခက်အခဲဖြစ်နေချိန်တွင် မိမိတို့နိုင်ငံ၌ သဘာဝကဖန်တီးပေးသည့် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးကို အလေးအနက်ထားကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စိုက်ပျိုးကြစေလိုကြောင်း။

ခြံစည်းရိုး ကြက်ဆူစေ့သည် ဈေးကွက်တွင် ဈေးနှုန်းကောင်းများ ရရှိနေပြီဖြစ်ရာ ဒေသခံပြည်သူများ အနေဖြင့် မိသားစုအပိုဝင်ငွေတိုးတက်ရရှိရေးတို့အတွက် အိမ်ခြံဝင်းများ၌ တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ မြေလွတ်မြေရိုင်းများ၌ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ခြံစည်းရိုး ကြက်ဆူပျိုးပင်နှင့် မျိုးစေ့များကို ဝေငှပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာများသည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစုပေါင်း စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တနင်္သာရီတိုင်းတွင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြိတ်ခရိုင်၌ ၁၈၁ ဒသမ ၄၆ ဧက၊ ထားဝယ်ခရိုင်၌ ၃၃၇ ဒသမ ၉၆ ဧက၊ ကော့သောင်းခရိုင်၌ ၆၃၈ ဒသမ ၇၅ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မေတ္တာမြို့ရှိ ဌာနဆိုင်ရာရုံးများ အခြေအနေနှင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေတ္တာမြို့ ရဲတပ်ဖွဲ့စခန်းသို့ရောက်ရှိပြီး တပ်ဖွဲ့ဝင်များအား လိုအပ်သည်များကိုမှာကြားကာ ရဲတပ်ဖွဲ့စခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး မေတ္တာမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရေးဦးစွာ မေတ္တာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက မေတ္တာမြို့၏ တည်နေရာနှင့်အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်၊ ဒေသဝမ်းစာဖူလုံမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မေတ္တာမြို့သည် ယခင်က အိမ်ခြေအနည်းငယ်သာရှိရာမှ ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရသဖြင့် အားရကျေနပ်ဖြစ်မိကြောင်း၊ မိမိတို့လာရောက်ရခြင်းမှာလည်း မေတ္တာမြို့၏ လိုအပ်ချက်ကိစ္စအဝဝကို ဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မိမိတို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြရာ နိုင်ငံတော်ကပေးအပ်လာသည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့တာဝန်ထမ်းဆောင်ရာတွင် မိမိတို့တာဝန်ကျရာဒေသကို မိမိတို့၏ဇာတိသဖွယ် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

မြေလွတ်မြေရိုင်းဖော်ထုတ်

ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအနေဖြင့်လည်း ဒေသဝမ်းစာဖူလုံရုံသာမက တိုးတက်ရောက်ရှိရေးအတွက် မြို့နယ်၏အနီးပတ်ဝန်းကျင်တွင် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မိုးစပါး၊နွေစပါးနှင့် ဒေသ၌ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဌာနဆိုင်ရာများကလည်း ဒေသခံပြည်သူများအား စိုက်ပျိုးရေးနည်းပညာများနှင့် အခြားလိုအပ်ချက်ကိစ္စအဝဝကို ကူညီဖြေရှင်းဆောင်ရွက်ပေးကြရန်နှင့် စံနမူနာပြလုပ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ မေတ္တာမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေတ္တာမြို့မှသည် တောင်သုံးလုံးကျေးရွာအထိ အိမ်ရာများတိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ လမ်းတစ်လျှောက်ရှိ မြေလွတ်မြေရိုင်းများတွင် ကုန်းမြင့်လယ်မြေနှင့် သီးညှပ်အဖြစ် ရာသီပင်များစိုက်ပျိုးကြရေးကို အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက မေတ္တာမြို့ တိုက်နယ်ဆေးရုံအတွက် အလှူငွေများကို တိုက်နယ်ဆရာဝန် ဒေါက်တာအောင်ဇော်လတ်သို့လည်းကောင်း၊ မေတ္တာမြို့ ပညာရေးမှူးရုံးနှင့် ရဲတပ်ဖွဲ့ စခန်းများအတွက် အလှူငွေများကိုတာဝန်ရှိသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မေတ္တာမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရောက်ရှိ
အထွေထွေချေးငွေသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Su Zhong နှင့်အဖွဲ့သည် ဇွန် ၈ ရက် နံနက်၁၀နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရက အတိုးနှုန်း သက်သာသော အထူးချေးငွေအတွက် အထွေထွေ ချေးငွေ သဘောတူညီချက်စာချုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တရုတ် ပို့ကုန်သွင်းကုန်ဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Su Zhong တို့ လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ ထုတ်ချေးမည့် အတိုးနှုန်းသက်သာသော အထူးချေးငွေအတွက် အထွေထွေချေးငွေ သဘောတူညီချက်စာချုပ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့်တရုတ်ပို့ကုန်၊သွင်းကုန်ဘဏ်တို့ လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ဇွန်၈ရက်နံနက်၁၁နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) စက်မှုလမ်းရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လဲလှယ်

စာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တရုတ်ပို့ကုန်၊ သွင်းကုန်ဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Su Zhong တို့ကအမှာစကားအသီးသီး ပြောကြားကြပြီး သဘောတူစာချုပ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့်တရုတ်ပို့ကုန်သွင်းကုန်ဘဏ် ဒုတိယဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆-ခုနှစ်၊ ဇွန်လ (၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၄၇၀၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့်ဝန်ထမ်းများ စုပေါင်း၍ မေ ၂၆ရက်က မြို့နယ်ပညာရေးမှူးရုံး ပတ်ဝန်းကျင်တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

❒ **အင်ဒိုနီးရှားမှ**

ဂျော့ဂျ်ဂျကာတာမြို့ မြောက်ဘက်တွင် အဆိုပါ မီးတောင်တည်ရှိပြီး ပြီးခဲ့သည့် မေ၂၇ရက်က ထိုဒေသ၌ပင်လျင်လှုပ်ခဲ့ရာ ပြည်သူ ၅၈၀၀ ထက်မနည်း သေဆုံးခဲ့သည်။

ဂျကာတာမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၄၅၀အကွာရှိ ဂျော့ဂျ်ဂျကာတာမြို့နှင့် ဂျာဗားပြည်နယ်အလယ်ပိုင်းဒေသအကြားတွင် မီရာပီမီးတောင် တည်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မီးရှင် မီးတောင် ၆၅လုံးရှိသည့်အနက်မီရာပီမီးတောင် သည် အန္တရာယ်အရှိဆုံး မီးတောင် တစ်လုံးဖြစ်သည်ဟု ဖော်ပြသည်။

အင်တာနက်။

* စာမျက်နှာ ၃ မှ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲ၍ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို စံနမူနာပြအဖြစ် အကျိုးဖြစ်ထွန်းအောင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်တို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော် ဖူးမြော်၊ တပ်မတော်စစ်သမိုင်းပြတိုက် လေ့လာ

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral, Li Tiemin ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်၍ တောင်ဘက်မုခ်ရှိ ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြကာ ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညို၍ ရင်ပြင်တော်ပေါ်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် သာသနိက အဆောက်အအုံများကို လည်းကောင်း၊ စဥ့်ကူးမင်းခေါင်းလောင်းတော်၊ သာယာဝတီမင်းခေါင်းလောင်းတော်နှင့် မင်းတုန်းမင်းတရားကြီးလက်ထက်က တင်လှူခဲ့သော ထီးတော်ဟောင်းတို့ကို လည်းကောင်း ကြည့်ရှုလေ့လာကြည်ညိုကြသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အရှေ့ဘက် အာရုံခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ပန်းနှင့်အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့မှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြပြီး ပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral, Li Tiemin ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral, Li Tiemin ဦးဆောင်သော လေ့ကျင့်ရေးဆိုင်ရာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်တွင် လေ့လာကြစဉ်။ (သတင်းစဉ်)

ဓာတုဗေဒ စက်မှုလုပ်ငန်းများဆိုင်ရာ တာဝန်သိစောင့်ရှောက်ခြင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဓာတုဗေဒ လုပ်ငန်းအဖွဲ့၏ နဝမအကြိမ်မြောက် အစည်းအဝေးနှင့် Introduction of Responsible Care Activity Guide Lines အစည်းအဝေးကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (IBC)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဓာတုဗေဒလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးပေါဟိန်းက Chemical Industry Group ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Myanmar Chemical Industry Association အဖြစ်သို့ တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း အကျဉ်းချုပ်ကို အဖွဲ့ဝင် ဦးစိန်သောင်းဦးက လည်းကောင်း၊ တာဝန်သိ စောင့်ရှောက်ခြင်း လမ်းညွှန်များကို အဖွဲ့ဝင် ဦးအောင်ဝင်းက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်ဆွေအေး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်၊ ပညာရှင် ဒေါက်တာမျိုးသန့်တင်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး ဖော်ထုတ်ရေးတွင် ဆယ်အိမ်စုမှူးရွေးချယ်ပုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖော်ထုတ်ရွေးချယ်

အဆိုပါသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ၄၈ဦး တက်ရောက်ကြပြီး သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ၌ ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများအား ဖော်ထုတ်ရွေးချယ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂျာမနီနိုင်ငံ မြူးနစ်မြို့ အားကစားရုံကြီးတွင်ကျင်းပ

မြူးနစ် ဇွန် ၉

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အားကစားရုံကြီးတွင် ဇွန် ၉ရက်က ကျင်းပရာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများတွင် အောင်ပွဲများရရှိခဲ့သည့် ဘောလုံးသမားဟောင်းများဖြစ်သော အားကစားသမား ၁၄၀ကျော်တို့က စုဝေးချီတက်ကြသည်။ ကမ္ဘာကျော်ဘောလုံးသမား ပီလီနှင့် ဂျာမန်စူပါမော်ဒယ် ကလော်ဒီရာရှစ်ဖားတို့က ကမ္ဘာ့ဖလားဆုဖလားကြီးကို မြူးနစ်အားကစားရုံကြီးအတွင်းသို့ သယ်ဆောင်လာခဲ့ကြသည်။ ယင်းနောက်တွင် ဂျာမနီသမ္မတ ဟော့စ်ခိုလာက (၁၈)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်ပေးလိုက်သည်။

စုဝေးချီတက်ပွဲတွင် ပါဝင်သူများ အနက် အသက်အကြီးဆုံး ဘောလုံးသမားကြီးမှာ အယ်လ်စီဒက်စ် ဂစ်ဂီယာဖြစ်သည်။ အသက်(၈၀)အရွယ်ရှိ ဂစ်ဂီယာသည် ၁၉၅၀ပြည့်နှစ်က ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဘရားဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ ဥရုဂွေးအသင်းအတွက် အနိုင်ဂိုး သွင်းပေးခဲ့သူဖြစ်သည်။

အင်္ဂလန်၏ ၁၉၆၆ခုနှစ် အောင်ပွဲရ ဘောလုံးအသင်း ကိုယ်စားလှယ်များအဖြစ် စုဝေးချီတက်သူများတွင် ဘော်ဘီချာလ်တန်နှင့် ၎င်း၏ညီတို့ ပါဝင်ကြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ထုတ်ပြန်ကြေညာသူ ဂျာမနီသမ္မတ ဟော့စ်ခိုလာ။ (ဓာတ်ပုံ-အင်တာနက်)

ဖျော်ဖြေ

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသူ ဘောလုံးဝါသနာအိုးများသည် ရိုးရာအကနှင့် တေးဂီတဖျော်ဖြေမှုများကို ရှုစားခဲ့ကြသည်။ ဂျာမနီနိုင်ငံ ဘာဗေးရီးယားဒေသ၏ မြို့တော်ဖြစ်သော မြူးနစ်မြို့၏ ရိုးရာအစဉ်အလာဝတ်စုံကို ဝတ်ဆင်ကာ ကချေသည်များက ဖျော်ဖြေပေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနား ပြီးဆုံးလျှင်ပြီးဆုံးချင်း အိမ်ရှင် ဂျာမနီဘောလုံးအသင်းနှင့် ကော်စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

နိုင်ငံပေါင်း ၃၂နိုင်ငံ ပါဝင်ယှဉ်ပြိုင်သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ဘာလင်မြို့ရှိ အိုလံပစ်အားကစားရုံကြီးတွင် ဇူလိုင် ၉ ရက်၌ ကျင်းပမည်ဖြစ်သည်။ **အင်တာနက်။**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးသောဂိုးကို သွင်းယူသူ ဂျာမနီအသင်းမှ ဖိလစ်လမ်း။ (ဓာတ်ပုံ-အင်တာနက်)

ကပ္ပတိန်ဦးထင်ကျော်၏ အသက် (၆၀)ပြည့် မွေးနေ့ အထိမ်းအမှတ် အဖြစ် ရန်ကင်းမြို့နယ် ကျောက်ကုန်း ဖိုးရာဇာလမ်းနေ ကပ္ပတိန် ဦးထင် ကျော်–ဒေါ်ကြည်မြ မိသားစုက မဟာ ဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ ငါးထပ်ဗိမာန်တော်ကြီး၏ ကြမ်းခင်း တစ်ထပ်အတွက် အလှူတော်ငွေ ကျပ် ၁၅သိန်းကို နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ဂုဏောသန ဆရာတော်ထံ ဆက်ကပ် လှူဒါန်းစဉ်။ (ကြေးမုံ)

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ FMI CITY ရွှေနှင်းဆီ(၁)လမ်းနေ ဦးဟန်ရှိန်–ဒေါ်အုန်းနု မိသားစုနှင့် ဦးဂလင်း–ဒေါ်မင်းမင်းရှိန် တို့က မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား (၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၌ ကျောင်းဆောက်လုပ်ရန် ဒုတိယအရစ် အလှူတော်ငွေ ကျပ်သိန်း ၂၀၀ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၆–၂၀၀၆ (စနေနေ့)
၁၃၆၈ခုနှစ်၊ နယုန်လပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မကွေးတိုင်း၊ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရ ဟောကြားတော်မူအပ်သော "ချမ်းသာငြိမ်းအေး အမြိုက်ဆေး" တရားတော်**
- ၈း၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၃၀ ၆။ International News.
- ၈း၄၅ ၇။ Grammar Made Easy.
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၆။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"**
- ၁၂း၄၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ"(အပိုင်း–၂)**
- ၁း၂၀ ၈။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁း၃၀ ၉။ **လောကနီတိ(၄) "လှပခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ–ဦးခင်ဇော်)**
- ၂း၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၁၅ ၁၁။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ– အေဝမ်းမောင်လှမျိုး)**
- ၂း၂၅ ၁၂။ အတီးပြိုင်ပွဲ
- ၂း၃၅ ၁၃။ ပိုင်ကျုံရေထိန်းတံခါး
- ၂း၄၅ ၁၄။ International News.
- ၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ဓမ္မပူဇာတေးအစီအစဉ်
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၅၅ ၅။ တေးဂီတအစီအစဉ်
- ၅း၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၃၅ ၇။ ဘက်စုံဖွံ့ဖြိုး တိုးတက်စည်ပင် ရှမ်းမြောက်ဒေသ ကျေးလက်တစ်ခွင်(အပိုင်း–၁)
- ၅း၄၅ ၈။ မြန်မာ့အနုလက်ရာ ထင်ရှားကြည်ညိုဖွယ်ရာ နီးဘုရား
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ Discovery
- ၆း၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း–၃)**
- ၇း၃၅ ၁၃။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်မိပြီဆိုရင် (အပိုင်း–၅၁)**
- ၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror

အင်တာနက်သတင်း

ယူဂန္ဒာတွင် နေထိုင်သည့် ပစ်ဂမီလူပုမျိုး မျိုးသုဉ်းနိုင်

ကမ်ပါလာ ဇွန် ၉

အာဖရိကတိုက်ရှိ ပစ်ဂမီလူပုမျိုးနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားသောတိုင်းရင်းသားလူမျိုးနွယ်စုများအတွင်း မွေးကင်းစကလေး သေဆုံးမှု အလွန်မြင့်တက်နေမှုကြောင့် ၎င်းလူမျိုးများ မျိုးတုံးပျောက်ကွယ်သွားမည့် အန္တရာယ်ဖြင့် ကြုံတွေ့နေရကြောင်း၊ ယူဂန္ဒာနိုင်ငံတွင် ပစ်ဂမီလူပုမျိုး ၄၀၀၀ ကျော်သာရှိတော့ကြောင်း မကြာမီက ပြုလုပ် သည့် လေ့လာချက် စစ်တမ်းတစ်ခုတွင် သတိပေးထားသည်။

သေဆုံးနှုန်းမြင့်မား

ယူဂန္ဒာနိုင်ငံတွင် လူ ၁၀၀၀ မွေးဖွားရာတွင် မွေးကင်းစကလေးသေပျောက်နှုန်း ၇၀ ရာခိုင်နှုန်းရှိနေပြီး ပစ်ဂမီ လူပုမျိုးအတွင်း လူ ၁၀၀၀ မွေးဖွားရာတွင် မွေးကင်းစကလေးသေဆုံးနှုန်းသည် ၂၅၀ အထိ မြင့်မား လျက်ရှိသည်ဟု သုတေသီများက တွေ့ရှိရကြောင်း ဗြိတိသျှလန်းဆက်အမည်ရှိ ဆေးဂျာနယ်တွင် ရေးသားထားသည်။

ဘက်ဝါဟု လူသိများသည့် ၎င်းပစ်ဂမီလူမျိုးနွယ်စုသည် ကမ္ဘာပေါ်တွင် ခွဲခြားဆက်ဆံအခံရဆုံးသော လူမျိုး နွယ်စု ဖြစ်သည်ဟု သုတေသီများက ပြောကြားထားသည်။

ဘက်ဝါလူမျိုးစု

ဘက်ဝါလူမျိုးနွယ်စုသည် ယူဂန္ဒာနိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ ကစ်ဆိုရိုနှင့် ယူဂွန်ဂီရီခရိုင်နှင့် ကာဘာလီ ခရိုင်တို့တွင်အဓိက နေထိုင်ကြပြီး လူဦးရေ ၁၇၇၁ ဦးရှိကာ အိမ်ထောင်စုပေါင်း ၄၀၃ စုရှိသည်။ ယူဂန္ဒာတစ်ပြည်လုံး အနေဖြင့်မူ ပစ်ဂမီလူပုမျိုး ၃၀၀၀ မှ ၃၇၀၀ အထိရှိပြီး ယူဂန္ဒာ လူဦးရေ၏ ဒသမ ၀၂ ရာနှုန်းဖြစ်သည်။

၎င်းတိုင်းရင်းသားလူမျိုးနွယ်စု၏ ကျန်းမာရေးအခြေအနေကို ကမ္ဘာ့စာရင်းဇယားများတွင် စာရင်းသွင်း ဖော်ပြထားခြင်း လုံးဝမရှိသည်မှာ စိုးရိမ်ဖွယ်ရာ အကောင်းဆုံးပြဿနာဖြစ်ပြီး ၎င်းလူနည်းစုတိုင်းရင်းသားမျိုးနွယ်စုသည် ကမ္ဘာပေါ်တွင် အနှိမ်ခံရဆုံးသော လူမျိုးနွယ်စုများဖြစ်ကြောင်း လန်ဒန်ကျန်းမာရေးနှင့် အပူပိုင်းဒေသ ဆေးဘက်ဆိုင်ရာ ကျောင်းမှ သုတေသီဒေါက်တာကာရိုလင်းစတီဖင်က ပြောကြားသည်။

၇၂ ဦးသာရှိ

ယူဂန္ဒာနိုင်ငံ ဆီလီကီချိုင့်ဝှမ်း ဘန်ဒီဘူဂျိုခရိုင်တွင် နေထိုင်ကြသည့် အခြားသော ပစ်ဂမီလူမျိုးစု ဖြစ်သည့် ဘမ်ဘူတီလူမျိုးနွယ်စုဦးရေသည် ၇၂ ဦးသာရှိတော့သည်ဟု သိရသည်။ **အင်တာနက်။**

ယူဂန္ဒာနိုင်ငံ တောင်ပေါ်ဒေသတွင် နေထိုင်သော ပစ်ဂမီမျိုးနွယ်စုဝင် ကလေးများကို ဇွန် ၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၆–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် – ဒါရုကန္ခောပမသုတ် တရားတော်**
- ၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉း၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "နှလုံးသားရာဇဝင်မှာ စာတင်တဲ့အလွမ်း" ဒါရိုက်တာ–ဇင်ယော် မောင်မောင်၊ သရုပ်ဆောင်–အကယ်ဒမီရန်အောင်၊ အကယ်ဒမီမေသန်းနု**
- ၁း၅၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁း၅၉ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၁၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း–၂၄)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **FIFA WORLD CUP GERMANY 2006 - Trinidad Tobago Vs Sweden (Live)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။
- ၀၁း၃၀ ၂၄။ **(၁၁–၆–၂၀၀၆) နံနက်ပိုင်း FIFA WORLD CUP GERMANY 2006 - Argentina Vs Ivory Coast (Live)**

ကွင်းဖွင့်ပြိုင်ပွဲ ဖိုလ်စွဲရန်ကြိုးပမ်းမည့် စွမ်းအင်ဘောလုံးအသင်း

သတင်းဆောင်းပါး-ညီညီစိုးညွန့် ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇွန် ၉

၂၀၀၆-၂၀၀၇ ဘောလုံးရာသီမြန်မာ လိဂ်အဆင့်မြင့်တန်းပြိုင်ပွဲတွင် ယှဉ်ပြိုင်သွားမည့် အသင်းများအနက် အစဉ်အလာရှိခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းလည်း အပါအဝင်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းသည် ဌာနဆိုင်ရာအကြီးအကဲများ၏ ပံ့ပိုးအားပေးမှု၊ နည်းပြဆရာများနှင့်အားကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ နိုင်လိုစိတ်ပြင်းပြမှုတို့ဖြင့် ပြိုင်ပွဲတိုင်းကို ယှဉ်ပြိုင်ခဲ့သောကြောင့် ယခုနှစ်အနည်းငယ်အတွင်း အထိုက်အလျောက် အောင်မြင်မှုရခဲ့ပြီး ပြိုင်ဘက်တိုင်း လေးစားဂရုပြုခံရသည့်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ စွမ်းအင်အသင်းသည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနှင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ကွင်းပိတ်ပြိုင်ပွဲများတွင် ချန်ပီယံဆုရရှိခဲ့ပြီး ကျန်ပြိုင်ပွဲ အချို့၌လည်း ဒုတိယဆုနှင့် တတိယဆုများ ရရှိခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းသည် ကလပ်အသင်းသမိုင်းတစ်လျှောက် အောင်မြင်မှုများ ဆွတ်ခူးရယူထားနိုင်သည့် အသင်းဖြစ်သည်။ ဘောလုံးရာသီတစ်ခုအတွင်း ပုံမှန်ကျင်းပလေ့ရှိသည့် ကွင်းဖွင့်ပြိုင်ပွဲ၊ အမှတ်ပေးပြိုင်ပွဲနှင့် ကွင်းပိတ်ရှီးထွက်ပြိုင်ပွဲသုံးခုတွင် ကွင်းဖွင့်ပြိုင်ပွဲ၌သာ အောင်မြင်မှု မရသေးဘဲ ကျန်ပြိုင်ပွဲနှစ်ခုတွင် ချန်ပီယံဆုများ ရရှိပြီးဖြစ်သည်။ အမှတ်ပေးချန်ပီယံတစ်ကြိမ်နှင့် ကွင်းပိတ်ရှီး/ ထွက်ချန်ပီယံရှစ်ကြိမ် ရရှိပြီးဖြစ်သည်။

စွမ်းအင်ဘောလုံးအသင်း၏ ၂၀၀၆-၂၀၀၇ဘောလုံးရာသီအတွက် ပြင်ဆင်နေပုံများနှင့် စပ်လျဉ်း၍ နည်းပြချုပ် ဦးမျိုးဝင်းက ကြေးမုံသို့ ဤသို့ ပြောပြသည်။

"မိမိတို့အသင်း အနေအထားမှာ ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထားဖြစ်နေပါပြီ။ အသင်း တိုးတက်ကောင်းမွန်ဖို့ ကြိုးစားပြင်ဆင်နေတယ်။ ပွဲတိုင်းကို အင်ပြည့်အားပြည့်နဲ့ အနိုင်ရအောင် ကစားနိုင်ဖို့ကြံ့ခိုင်မှုကို အထူးအလေးပေး လေ့ကျင့်ပေးနေပါတယ်။ အသင်းက အမာခံကစားသမားတွေရော ကျန်ကစားသမားတွေပါ စိတ်ဓာတ်အပြည့်နဲ့ ပြင်းပြင်းထန်ထန် လေ့ကျင့်နေလို့ အားရမိပါတယ်။

အသင်းက ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထားတွင် ရှိနေပြီဖြစ်ပါတယ်ဟု နည်းပြချုပ် ဦးမျိုးဝင်း ပြောကြားစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အရင်နှစ်က လူဟောင်းတွေနဲ့ပဲ အသင်းကို တည်ဆောက်ထားပါတယ်။ အဆင့်မြင့်တန်းမှ လူသစ်ငါးဦးထပ်မံ အားဖြည့်ဖို့ ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့(၅၁)ကြိမ်မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့် တိုင်း ပြိုင်ပွဲဝင် မကွေးမှနှစ်ဦး၊ရန်ကုန်နဲ့ ရှမ်း(တောင်)တို့မှ တစ်ဦးစီတို့ကို ခေါ်ပြီး အသင်းမှာ ပူးတွဲ လေ့ကျင့်ပေးနေပါတယ်။ လာမည့် ဘောလုံးရာသီမှာ မိမိတို့နဲ့ အဓိက ယှဉ်ပြိုင်ရမယ့် အသင်းတွေကတော့ ဘဏ္ဍာ/ အခွန်၊စီးပွားကူးသန်တို့ပါပဲ။ ဒါပေမယ့် ကျန်အသင်းတွေကိုလည်း လုံးဝ လျှော့မတွက်ပါဘူး။ ကွင်းဖွင့်ဖလားပြိုင်ပွဲမှာ ကျနေတဲ့အုပ်စုကတော့ အုပ်စုကျပ်ပါပဲ။ မြို့တော်စည်ပင်က အသင်းကောင်းတစ်သင်းပါ၊ ပြီးခဲ့တဲ့ ကွင်းပိတ်ဖိုင်နယ်မှာ တွေ့တုန်းက စည်ပင်ကို ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ရခဲ့တာပါ၊ ကာကွယ်ရေးနဲ့ ပြည်ထဲရေးအသင်းတို့ကလည်းဘယ်လို ပြင်ဆင်နေသလဲဆိုတာ မသိရသေးဘူး၊ ကျွန်တော်တို့အတွက် ပွဲတိုင်းခက်ခဲစေမှာပါ၊ အနိုင်ရဖိုလ်စွဲသည်အထိ ပွဲတိုင်းကို ဂရုစိုက်ကစားသွားမှာပါ။

"ဌာနအကြီးအကဲ တွေကလည်း အသင်းကို ပံ့ပိုးအားပေးကြပါတယ်။ မြန်မာ့လက်ရွေးစင်သာမက သက်တန်းအလိုက်လက်ရွေးစင်ဖြစ်တဲ့ ကစားသမားတွေကို ထပ်ဆောင်းပြီး ပံ့ပိုးပေးပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီ ကွင်းပိတ်ပြိုင်ပွဲမှာ ဖိုလ်စွဲတာ အနိုင်ရလိုတဲ့ စိတ်ဓာတ်ပြင်းပြခဲ့လို့ပါ။

ဒီစိတ်ဓာတ်ကို ကျွန်တော်တို့က ဆက်လက်အရင်းခံပြီး လာမယ့် ဘောလုံး ရာသီမှာ ဆက်လက်အောင်ပွဲခံဖို့ ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ ကလပ်သမိုင်းတစ်လျှောက်မှာ တစ်ကြိမ်မှ ဖိုလ်မစွဲဖူးသေးတဲ့ ကွင်းဖွင့်ပြိုင်ပွဲမှာ ပထမဦးဆုံးအကြိမ် ဖိုလ်စွဲနိုင်ဖို့၊ တစ်ကြိမ်သာဖိုလ်စွဲဖူးသေးတဲ့ အမှတ်ပေးပြိုင်ပွဲမှာ ပြန်လည်ဖိုလ်စွဲဖို့၊ လက်ရှိ ချန်ပီယံဖြစ်တဲ့ ကွင်းပိတ်ပြိုင်ပွဲမှာ ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောကြားသွားသည်။

စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြင့်ငွေ နှင့် ဦးမြတ်စိုး၊ နည်းပြချုပ်အဖြစ် ဦးမျိုးဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးရွှေတင်နှင့် ဦးမြင့်စန်း၊ အားကစားသမားများအဖြစ် ဂိုး-ကျော်မင်းလှိုင်၊ ထင်အောင်၊ အောင်သူရ၊ နောက်တန်း-ထက်အောင်၊ အောင်ဇော်လတ်၊အောင်ကျော်မိုး၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ ကြည်အောင်၊ မင်းမင်းထွန်း၊ စိုင်းထွန်းဝင်း၊ နိုင်လင်းထွန်း၊ အလယ်တန်း-ရန်နောင်စိုး၊ ဝေယံမောင်၊ ဉာဏ်ထွန်းအောင်၊ မျိုးဇော်ဦး၊ အောင်ကျော်မျိုး၊ ကိုကိုမောင်၊ ရှေ့တန်း-နိုင်ဝင်း၊ စိုင်းသန်းအောင်၊ ချစ်ကိုနှင့် ကျော်ဆန်းဝင်းတို့ ပါဝင်ကြသည်။

(ကြေးမုံ)

စွမ်းအင်အသင်းမှ အားကစားသမားများ ကြံ့ခိုင်မှုကောင်းလာစေရန် ပြင်းပြင်းထန်ထန် လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အဆင့်မြင့်တန်း၌ ထိပ်သီးအသင်းအဖြစ် ရပ်တည်နေသော စွမ်းအင်အသင်း။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

၂၀၀၆ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ်(၁၃)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၃ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်မည်ဖြစ်ပြီး အမျိုးသားအလွတ်တန်း လူသစ်တန်း သုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ်တစ်သိန်း၊ အမျိုးသားအလွတ်တန်း လူသစ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမဆုငွေ ကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ်ခုနစ်သောင်းခွဲ၊ အမျိုးသမီးအလွတ်တန်း သုံးယောက်တွဲပြိုင်ပွဲ၌ ပထမဆုငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ် ခုနစ်သောင်းခွဲ၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်းခွဲ၊ တတိယဆုငွေကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသောအသင်းများသည် ရန်ကုန်မြို့ သုဝဏ္ဏရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်သို့ ဇွန် ၂၀ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် အသေးစိတ်ကို ဖုန်း ၀၁-၅၇၇၄၆သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)



ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်

၂၀၀၆ခုနှစ် ဇွန် ၉ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၆ ဒသမ ၃၈ လက်မ၊ ခန္တီးမြို့တွင် ၅ ဒသမ ၅၁လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ ၅၆လက်မနှင့် နေပြည်တော်တွင် ၀ဒသမ၆၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၁၀ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၉ဒီဂရီဖာရင်ဟိုက်)	**၈-၆-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)	**၉-၆-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	**၉-၆-၂၀၀၆**
နေပူသည့်နာရီပေါင်း ၁ ဒသမ ၀ နာရီခန့်	**၈-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၉-၆-၂၀၀၆	၀ဒသမ၃၂လက်မ	၀ဒသမ၃၅လက်မ	၀ဒသမ၀၄လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၈ဒသမ၂၃လက်မ	၂၄ဒသမ၆၈လက်မ	၂၆ဒသမ၅၄လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၈-၆-၂၀၀၆ နေ့၁၅း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

နာမည်ကြီး အင်္ဂလန်၊ ဆွီဒင်နှင့် အာဂျင်တီးနားတို့ပွဲ

ဇွန် ၁၀ ရက် (ယနေ့)နှင့် ဇွန် ၁၁ ရက် နံနက်ပွဲစဉ် သုံးပွဲကစားမည်ဖြစ်သည်။ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ပါရာဂွေး၊ ထရီနီဒက်နှင့် ဆွီဒင်တို့ဖြစ်သည်။ အုပ်စု(ဂ)မှ အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်တို့လည်း ကစားမည်ဖြစ်သည်။

အင်္ဂလန်–ပါရာဂွေး

၁၀–၆–၂၀၀၆
ကစားကွင်း–ဖရန့်ဖတ်
အချိန်–ည ၇း၃၀ နာရီ (မြန်မာစံတော်ချိန်)၊ စနေနေ့
ကွင်းလယ်ဒိုင်လူကြီး – မာကိုရိုဒရီကွက်(ဇ်) (မက္ကဆီကို)
လက်ထောက်ဒိုင်(၁) – ဂျိုးဆေးလူဝစ္စကာမာကို (မက္ကဆီကို)
လက်ထောက်ဒိုင်(၂) – လီယွန်နယ်လီရယ် (ကော်စတာရီကာ)
(နောက်ရက်တွင် မြဝတီမှ ထုတ်လွှင့်ပြသမည်။)

ယခုပွဲသည် တောင်အမေရိကနှင့် ဥရောပဘောလုံးပညာ အားပြိုင်ပွဲဟု ဆိုနိုင်သည်။ ပါရာဂွေးသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေပန်းစားသော အသင်းတစ်သင်းမဟုတ်ချေ။ အင်္ဂလန်မှာမူ လူကြိုက်များသော အသင်းတစ်သင်းဖြစ်သည့်အပြင် ဗိုလ်စွဲနိုင်သည်ဟု တစ်ပေးခြင်းခံရသော အသင်းလည်းဖြစ်သည်။

ပါရာဂွေးသည် တောင်အမေရိကအသင်းများတွင် နောက်တန်းအကောင်းဆုံး အသင်းတစ်သင်းဖြစ်သည်။ ပါရာဂွေး၏ ကွင်းလယ်သည် အင်္ဂလန်ကွင်းလယ်ကို ထိန်းချုပ်ရန်မလွယ်ပါ။ ထို့ကြောင့် ပါရာဂွေးသည် ကွင်းလယ်မှ ထိုးဖောက်ကစားခြင်းထက် ဘေးစွယ်များမှ တိုက်စစ်ဆင်ကစားဖွယ်ရှိသည်။

အင်္ဂလန်နောက်တန်းသည် ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင့်တင်းသော အသင်းတစ်သင်းဟု ပြော၍ရသည်။ ဖာဒီနန်၊ တယ်ရီ၊ နဗီးလ်၊ အက်ရှ်လေကိုးလ်တို့ ပါဝင်ကစားဖွယ်ရှိသည်။ အင်္ဂလန်သည် တိုက်စစ်ကို အလယ်ကြောမှလည်းကောင်း၊ ဘေးစွယ်မှလည်းကောင်း ဖွင့်ကစားလိမ့်မည်။ ရွန်းနီအစား ခရောက့်ချ်နှင့် ကစားခဲ့မည်ဆိုလျှင် တိုက်စစ်ပံ့ပိုးမှုများကို ဘက်ဟမ်းဆီမှ ထွက်လာမည်။ ခရောက့်ချ်ကို နှစ်ယောက်လောက်လိုက်ကပ်ထားစဉ် လမ်းပတ်၊ ဂျရတ်၊ အိုဝင်တို့က အလစ်အငိုက်ဂိုးသွင်းကြလိမ့်မည်ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ရာတွင် အင်္ဂလန်အသင်းအတွက် အနိုင်ရစေမည့် ကံကြမ္မာက အလေးသာလျက်ရှိသည်။

ထရီနီဒက်–ဆွီဒင်

၁၀–၆–၂၀၀၆
ကစားကွင်း–ဒေါ့မွန်
အချိန်–ည ၁၀း၃၀ နာရီ (မြန်မာစံတော်ချိန်)၊ စနေနေ့
ကွင်းလယ်ဒိုင်လူကြီး – ရှန်ဆူးမိုင်ဒင်း(စင်ကာပူ)
လက်ထောက်ဒိုင်(၁) – ပရာချာပန်ပါနစ်(ချ်) (ထိုင်း)
လက်ထောက်ဒိုင်(၂) – ဆီဆာဂူလောင် (ယူအေအီး)
(မြဝတီမှ ထုတ်လွှင့်ပြသမည်။)

ထရီနီဒက်အသင်းကို ဥရောပကလပ်အသင်းများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားသည်။ ထရီနီဒက်အသင်းကို လေ့လာကြည့်ရာတွင် ခံစစ်ကြောင်းအားနည်းသည်ကို တွေ့ရသည်။ ရှေ့တန်းတွင် နာမည်ကျော် မန်ယူတိုက်စစ်မှူးဟောင်း ဒွိုက်ယော့ခ်ရှိသည်။ သို့သော်လည်း ဆွီဒင်၏တိုက်စစ်မှူးများလောက် ကောင်းလိမ့်မည်မဟုတ်ချေ။

တံတိုင်းသဖွယ်

ဆွီဒင်ရှေ့တန်းမှာ အီဘရာဟင်မိုဗစ်နှင့် လာဆင်တို့အတွဲရှိသည်။ ကွင်းလယ်၌ ယွန်းဘတ်ရှိသည်။ ထို့အပြင် ဝီလ်ဟမ်ဆင်နှင့် လင်ဒါးရိုသ်တို့လည်းရှိသည်။ နောက်တန်းမှာ မဲလ်ဘတ်၊ လူစစ်၊ အက်ဒ်မန်တို့ကလည်း တံတိုင်းသဖွယ်ရှိသည်။ အထူးသဖြင့် ဆွီဒင်သည် မာမာကျောကျောဖြင့် စုပေါင်းကစားတတ်သည်။ ခံစစ်ကြောင်းကို လုံခြုံအောင်လုပ်သည်။ ပြိုင်ဘက် အလစ်အငိုက်တွင် တန်ပြန်ထိုးဖောက်သည်။

ထရီနီဒက်အသင်းအနေဖြင့် ဆွီဒင်ကို ဂိုးများများ မပေးရအောင် အထူးဂရုစိုက်ကစားရမည်ဖြစ်သည်။ ဂိုးမပြတ်လျှင်ပင် ထရီနီဒက်အဖို့ ကြိုးစားရကျိုးနပ်သည်ဟု ဆိုရမည်ဖြစ်သည်။

အာဂျင်တီးနား–အိုင်ဗရီကို့စ်

၁၁–၆–၂၀၀၆
ကစားကွင်း–ဟမ်းဘတ်
အချိန်–နံနက် ၁း၃၀ နာရီ၊ တနင်္ဂနွေနေ့
ကွင်းလယ်ဒိုင်လူကြီး – ဖရန့်ဒီပလီကီရီ (ဘယ်လ်ဂျီယံ)
လက်ထောက်ဒိုင်(၁) – ပီတာဟာမန်း (စ်) (ဘယ်လ်ဂျီယံ)
လက်ထောက်ဒိုင်(၂) – ပေါလ်တာဗရိုမန် (ဘယ်လ်ဂျီယံ)

အင်္ဂလန်အသင်းနည်းပြ ဆဲမ်မီလီးနှင့် စတီဗင်ဂျရတ်တို့အား လေ့ကျင့်ရေးကွင်းတွင် ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ထရီနီဒက်အသင်း

ဂျာမနီမြောက်ပိုင်း ရိုတင်ဘာ့ဂ်မြို့တွင် ဇွန် ၇ ရက်က လေ့ကျင့်လျက်ရှိသော ထရီနီဒက်အသင်းမှ ဘောလုံးသမားများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂမ်ဆိုင်း

အာဂျင်တီးနားအသင်းမှ မက်စီ၏ ရုပ်ပုံပိုစတာကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ရှိ အဆောက်အအုံတစ်ခု၏မျက်နှာစာတွင် ဇွန် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တောင်အမေရိကမှ အာဂျင်တီးနားနှင့် အာဖရိကမှ အိုင်ဗရီကို့စ်အသင်းတို့ တွေ့ဆုံပွဲဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားကို ၁၉၇၈ ခုနှစ်နှင့် ၈၆ ခုနှစ်များက ဆွတ်ခူးခဲ့သည်။ ဂန္ထဝင်ဘောလုံးသမားကြီး မာရာဒိုနာနှင့် ကမ္ဘာ့အဆင့်မီ ဘောလုံးသမားကောင်းများပေါ်ထွက်ရာ အသင်းတစ်သင်းဖြစ်သည်။ တောင်အမေရိကတွင် ကမ္ဘာ့ဖလား ငါးကြိမ်ရထားသော ဘရာဇီးအသင်းနှင့် ပခုံးချင်းယှဉ်နိုင်သည်။ ကမ္ဘာ့ဘောလုံး စူပါပါဝါအသင်းတစ်သင်းလည်းဖြစ်သည်။

အိုင်ဗရီကို့စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသောအသင်းဖြစ်သည်။ ဘောလုံးအစဉ်အလာမရှိသော အိုင်ဗရီကို့စ်သည် မဟာဘောလုံးအင်အားကြီး နိုင်ငံတစ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတော့မည်ဖြစ်သည်။

ဤနှစ်သင်းထဲမှ မည်သူနိုင်မလဲဟုမေးလျှင် စာရေးသူအပါအဝင် စာဖတ်ပရိသတ်အားလုံးက အာဂျင်တီးနားနိုင်မည်ဟု တညီတညွတ်တည်းဖြေဆိုကြလိမ့်မည်။ အိုင်ဗရီကို့စ်အသင်း အနိုင်ရမည်ဟု ဖြေမည့်သူအနည်းငယ်သာရှိမည်။

သို့သော် ၂၀၀၂ ခုနှစ် တောင်ကိုရီးယား–ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ကို စာဖတ်သူများ အမှတ်ရမည်ဖြစ်ပါသည်။ ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရခဲ့သော ဆီနီဂေါအသင်းက ချန်ပီယံပြင်သစ်အသင်းကို အနိုင်ရခဲ့သည်။ ဤကဲ့သို့သော မထင်မှတ်မှုများကို လုပ်အပြနိုင်ဆုံးသော အာဖရိကအသင်းများထဲမှ အသင်းသည် အိုင်ဗရီကို့စ်ဖြစ်လိမ့်မည်ဟု လေ့လာအကဲခတ်သူများ မှန်းဆထားကြသည်။

သို့ဖြစ်၍ အာဂျင်တီးနားနှင့် အိုင်ဗရီကို့စ်အသင်းတို့၏ ပွဲစဉ်ကို တစ်ကမ္ဘာ့လုံးက စိတ်အဝင်စားဆုံးဖြစ်လိမ့်မည်။ အိုင်ဗရီကို့စ်အသင်းကလည်း ကမ္ဘာ့ဘောလုံးပွဲကြည့်ပရိသတ်များ စိတ်ကျေနပ်မှုရအောင် ကစားသွားလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

လှူဒါန်း

Hub Line **သင်္ဘောကုမ္ပဏီမှ ကပ္ပတိန် ဦးမောင်မောင်နှင့် အရာရှိ အင်ဂျင်နီယာ၊ သင်္ဘောသားများက ဆွမ်းပဒေသာပင် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းပြီးတွေ့ရစဉ်။**
(ဘိုးဘွားရိပ်သာ)

လက်ခံယူ

မွန်ပြည်နယ် မုဒုံမြို့ ဘိုးဘွားရိပ်သာအတွက် ငွေပဒေသာပင် စိုက်ထူရန်အတွက် (ဦးစံမွေး)–ဒေါ်ခင်ကြည်မိသားစုတို့က ဇွန် ၆ ရက်က ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီး ကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးလှသိန်း လက်ခံယူစဉ်။
(မြို့နယ်ပြန်/ဆက်)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်း (၁၃)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဦးကိုကိုလေး–ဒေါ်အမာ၊ ဦးစိုးဝင်း–ဒေါ်ခင်နှင်းရီ၊ ဦးစိုးလွင်–ဒေါ်ကြည်ကြည်ဝေ မိသားစုတို့က ကျပ်နှစ်သိန်းစီ စုစုပေါင်း ကျပ်ခြောက်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းရှိ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်မာအေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာရ်အောင် စေတီတော် ဝတ္တကမြေအတွင်း ကျိုက်ထီးရိုး စေတီတည်ထားကိုးကွယ်ရန်အတွက် သာကေတမြို့နယ် ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် (၁၃) လမ်းနေ ဖခင်ဦးသောင်းစိန်–မိခင် ဒေါ်ပုလေး အမှူးထား၍ ဆရာ ဦးဒါန–ဒေါ်တင်ဝင်း မိသားစုက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ထံ အလှူတော်ငွေ ကျပ်လေးသိန်းကို ဇွန် ၇ ရက်က ပထမအကြိမ် ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သာသနိကအဆောက်အအုံများအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် လမ်း(၅၀)နေ သစ်တောရုံး အငြိမ်းစား (ဦးသိန်း)–ဒေါ်ကြည်ကြည်မိသားစုက ပဲခူးတိုင်း မင်းလှမြို့ တာကလေး ရွာဦးစေတီတော်ပြင်ဆင်ရန် ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် သုံးထပ်အတွက် ငွေကျပ်သုံးသိန်း၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြမြို့သစ် သမိုင်းဝင် ရွှေနံ့သာအောင်ဆုတောင်းပြည့် စေတီတော်မုခ်ဦးအတွက် ငွေကျပ်တစ်သိန်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် အလှူတော်ငွေကျပ်တစ်သိန်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် ငွေကျပ်တစ်သိန်း၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း ဆေးရုံအတွက် ငွေကျပ်တစ်သိန်း၊ ရွှေတိဂုံစေတီတော်အား ရွှေပြားတစ်ချပ်၊ ပစ္ဆိမာရုံ ရွှေကျင်ကျောင်းပြင်ဆင်ရန် ငွေကျပ်ငါးသိန်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့သည်။ (က–ပ)

အာဆီယံ လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ မြန်မာလူငယ်အားကစားအဖွဲ့ ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇွန် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံသက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ခေါင်းဆောင်သော အားကစားသမားလေးဦးပါဝင်သည့် စစ်တုရင်အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ မြန်မာစစ်တုရင်အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယနေ့နံနက် ၁၀ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

မြန်မာစစ်တုရင် အားကစားအဖွဲ့တွင် အားကစားသမားများအဖြစ် အောင်ပြည့်ဖြိုးဇော် (အထက–၂၊ မန္တလေး)၊ စိုးသက်ပိုင် (အထက–၁၄၊ မန္တလေး)၊ ဖြိုးအောင်ကျော် (အထက–၁၄၊ မန္တလေး)နှင့် နန်းအိမ်ကေခိုင်လျှမ်း (မန္တလေးတက္ကသိုလ်)တို့ ပါဝင်ကြသည်။ (အား/ကာ)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မပါလ သပြေဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် တောင်လုံးပြန် ရပ်ကွက် အထက်ပုဇွန်တောင်လမ်းနေ ဦးဟန်တင်–ဒေါ်ကျင်မေ သားသမီးတစ်စုက သာသနာ့ပါလက အဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မဓဇ ဦးခင်လှထံသို့ အလှူတော်ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူမိခင် ဒေါ်ကျင်မွေး (၅)နှစ်မြောက်အား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ သမီး မမာမာအေးမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ဆယ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့ထံမှပေးစာ

အမှိုက်များ ပုံမှန်သိမ်းပေးစေလို

စာတည်းခင်ဗျား–

လှိုင်သာယာမြို့နယ်၊ (၁၀) ရပ်ကွက်၊ သမကုန်း၊ မကွေးလမ်းအတွင်းရှိ အမှိုက်စွန့်ပစ်ကန်တွင် အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ထားမှုကြောင့် လမ်းပေါ်သို့ ပြန့်ကျဲနေပါသည်။ **(အပေါ်ပုံ)**

အဆိုပါ အမှိုက်များကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို ထိခိုက်စေပါသဖြင့် ပုံမှန်သိမ်းဆည်း ပေးပါရန် တင်ပြအပ်ပါသည်။ **လှိုင်သာယာသား**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် သီရိမင်္ဂလာလမ်းတစ်လျှောက်ရှိ ရေမြောင်းသည် အမှိုက်များပိတ်ဆို့နေခြင်း၊ မြောင်းလမ်းတစ်ဝက်တွင် ပေ ၂၀၀ ခန့်ကို ကွန်ကရစ်ခင်းပြီး ကိုယ်ပိုင်ကားလမ်းအဖြစ် အသုံးပြုထားခြင်းတို့ကြောင့် မိုးရွာလျှင် လမ်းပေါ်နှင့် လမ်းဘေးဝဲ/ယာရှိ အိမ်ကြမ်းခင်းများအထိ ရေမြုပ်နေပြီး ခရီးသွားပြည်သူများလည်း လမ်းပေါ်တွင် ခက်ခက်ခဲခဲ သွားလာနေကြရပါသည်။**(ယာပုံ)**

သို့ဖြစ်ပါ၍ အဆိုပါရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၄)ရပ်ကွက်သားများ

ရထားလက်မှတ် သတ်မှတ်နှုန်းဖြင့် ဝယ်ယူလို

စာတည်းခင်ဗျား–

ကချင်ပြည်နယ် မိုးကောင်းဘူတာတွင် ရထားလက်မှတ်နှင့် တန်ဆာခများအတွက် အပိုကြေးပေးနေရပါသည်။ ခရီးသည်များအနေဖြင့် ရထားလက်မှတ်များကို လက်မှတ်အရောင်းစာရေးများထံမှလည်းကောင်း၊ မြို့ပေါ်တည်းခိုခန်းများမှ လည်းကောင်း၊ ဘူတာရှေ့ရှိ လက်မှတ်မှောင်ခိုများထံမှလည်းကောင်း ဈေးပိုပေး၍ ဝယ်ယူကြရပါသည်။

မိုးကောင်း–မန္တလေး ရိုးရိုးတန်းလက်မှတ်တစ်စောင်လျှင် ကျပ် ၁၂၃၀ သာကျသော်လည်း ကျပ်ရှစ်ထောင်ခန့်နှင့် အထက်တန်းလက်မှတ် တစ်စောင်လျှင် ကျပ်တစ်သောင်းခန့်အထိ ပေးဝယ်နေကြရပါသည်။ သို့ဖြစ်ပါ၍ သတ်မှတ်နှုန်းထားဖြင့် ရထားလက်မှတ် ဝယ်ယူနိုင်ရေး စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး**

သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်ပြီးစီး

၆–၅–၂၀၀၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာပါ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း (၅၀) အလယ်ရှိ တိုက်ခန်းများတွင် "သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးစေချင်" ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ရန်ကုန်–တောင်စွန်း ကားများ စနစ်တကျဖြစ်ရေး ကြပ်မတ်ပေးသင့်

စာတည်းခင်ဗျား–

ကျွန်တော်တို့သည် ရန်ကုန်မှ တောင်စွန်းသို့ ပဒုမ္မာကားလိုင်းမှ ယာဉ်အမှတ် ၂က/၅၀၃၃ ဖြင့် မေလ ၁၁ရက်နေ့က သွားရောက်ခဲ့ရာ အပြန်ခရီးအတွက် ငွေကျပ် ၁၅၀၀ ကားခကြိုတင်ပေးခဲ့ပါသည်။ မေ ၁၂ ရက်နေ့တွင် သတ်မှတ်အချိန်အတိုင်း ရောက်ရှိသော်လည်း ကားမှာ အချိန်စောထွက်သွားသဖြင့် ကားခဆုံးခဲ့ရပါသည်။ တစ်ဖန် မေ ၁၈ ရက်နေ့က အဆိုပါကားလိုင်းမှ ကားဖြင့်ပြန်ရန် ကြိုတင်လက်မှတ် ဝယ်ယူထားသော်လည်း နေရာမရသဖြင့် အခြားယာဉ်လိုင်းမှ ကားတစ်စီးဖြင့် ရွှေ့ပြောင်းတင်ပေးလိုက်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါယာဉ်လိုင်းအား စည်းကမ်းစနစ်တကျ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

ကားပြင်ရုံ စည်းကမ်းတကျ လုပ်ကိုင်စေလို

စာတည်းခင်ဗျား–

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အရေးပိုင်ကုန်းလမ်းရှိ ကားပြင်ရုံတစ်ရုံသည် သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်ကာ နေ့စဉ်ညဉ့်နက်သန်းခေါင်ကျော်အထိ အလုပ်လုပ်ကိုင်နေပါသည်။ အဆိုပါ ကားပြင်ရုံမှ ကားအိတ်ဇော မီးခိုးငွေ့များနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ၎င်းကားပြင်ရုံအား စည်းကမ်းတကျ အလုပ်လုပ်ကိုင်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေမြိုင်သား

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးသင့်

စာတည်းရှင်–

ရန်ကုန်တိုင်း တာမွေမြို့နယ် ဒဂုံညွန့်ဈေး(တ)ရုံ ဈေးအတွင်း၌ ခွေးလေခွေးလွင့်များ သောင်းကျန်းနေပါသဖြင့် လမ်းသွားလမ်းလာ များအကိုက်ခံကြရပါသည်။ ခွေးများရှိ၍ ဈေးရုံထဲသို့ ဈေးဝယ်သူများလည်း မဝင်ရဲကြပါ။

သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဈေးဝယ်သူများ

ဒေသဝမ်းစာဖူလုံရုံမက တိုးတက်ထွက်ရှိရေး မြေလွတ်မြေရိုင်းများ ဖော်ထုတ် မိုးစပါး၊ နွေစပါးနှင့် ရော်ဘာ၊ ဆီအုန်း၊ ရေတ်ကောင်းတို့ တိုးချဲ့စိုက်ပျိုး ဒေသခံပြည်သူများအား စိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်ချက်များ ကူညီပေး

နေပြည်တော် ဇွန် ၉

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးလိုက်ပါလျက် ဇွန် ၆ ရက် နံနက် ၇နာရီတွင် ထားဝယ်တပ်နယ် အစည်းအဝေးခန်းမ၌ ထားဝယ်တပ်နယ်မှ ဦးစီးအရာရှိများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်-ပရိကာ-တောင်သုံးလုံး-မေတ္တာကားလမ်း အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ နံနက် ၈နာရီခွဲတွင် ထားဝယ်ခရိုင် မေတ္တာမြို့သို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးစိုးသက်၊ ဗျူဟာမှူး ဗိုလ်မှူးကြီးအေးကိုနှင့် တပ်မတော် အရာရှိများ၊ ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် ခရိုင်နှင့် မြို့နယ်ဌာန ဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မေတ္တာမြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေက မေတ္တာမြို့၌ ခြံစည်းရိုး ကြက်ဆူပင်များကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၂၅၀၀စိုက်ပျိုးသွားမည်ဖြစ်ရာ ယခုအခါ ဧက ၂၆၀ စိုက်ပျိုးပြီးစီးမှု အခြေအနေကို လည်းကောင်း၊ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က ခြံစည်းရိုး ကြက်ဆူပင်များကို ဇီဝလောင်စာဆီရရှိရေး အတွက် စိုက်ပျိုးနေမှု၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမှု နည်းစနစ်နှင့် အသုံးဝင်ပုံတို့ကို လည်းကောင်း၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ညိုက ထားဝယ် ခရိုင်အတွင်း ခြံစည်းရိုး ကြက်ဆူပင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၆ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟိုဆေး ဆိုကရေးတီးကာဗဲလ်ဟိုပင်တို ဒီဆူဇာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်ခရိုင် မေတ္တာမြို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ခြံစည်းရိုးကြက်ဆူပင်နှင့် မျိုးစေ့များ ပေးအပ်စဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၁၀-၆-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာမည်။ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ကြေးမုံ The Mirror — အင် တာ နက် သ တင်း

အင်ဒိုနီးရှား ဂျာဗားပြည်နယ်ရှိ မီရာပီမီးတောင်ပေါက်ကွဲ

မီရာပီ(အင်ဒိုနီးရှား) ဇွန် ၉

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားပြည်နယ်ရှိ မီရာပီမီးတောင်သည် ဇွန် ၈ရက် နံနက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းမီးတောင်၏ တောင်ခြေဒေသအနီးသို့ ချော်ရည်နှင့်ဓာတ်ငွေ့တိမ်တိုက်များ ရောက်ရှိလာကြောင်း ဇွန် ၉ရက် အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

မီရာပီမီးတောင်သည် ဇွန် ၈ရက် နံနက် ၆ နာရီမှ ၉ နာရီအထိ ၁၀ကြိမ်ထက်မနည်း ပေါက်ကွဲခဲ့သည်။

နံနက် ၇ နာရီ မိနစ် ၂၀ တွင် လေပူများ ပေါက်ကွဲမှုဖြစ်ပွားချိန်မှာ ၂၅ မိနစ်ကြာမြင့်သည်။

မီးတောင် တောင်ဘက် ဆင်ခြေလျှောတစ်လျှောက် ချော်ရည်များ စီးဆင်းကျရောက်မှုမှာ လေးကီလိုမီတာအရှည်ရှိသည်ဟု သိရသည်။ မီးတောင်အနီးဒေသရှိ တီမာလန်မြို့ လာလီရန်တီကျေးရွာမှ ရွာသူရွာသား ထောင်ပေါင်းများစွာတို့သည် ဇွန် ၈ ရက် မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးလွတ်ရာ ဒေသများသို့ ထွက်ပြေးခဲ့ကြရသည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ❐

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မီရာပီမီးတောင် ပေါက်ကွဲနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားအဖွင့်ပွဲ ဂျာမနီ စတင်အနိုင်ရ

ရန်ကုန် ဇွန် ၉

၂၀၀၆ ကမ္ဘာ့ဖလားဖွင့်ပွဲအဖြစ် ဂျာမနီနှင့် ကော်စတာရီကာအသင်းတို့ ယနေ့ညနေက မြူးနစ်မြို့ရှိ ပရိသတ် ၅၉၀၀၀ ကျော်ဆံ့သည့် အလိုင်းယင့်စ်အရီနာကွင်း၌ ယှဉ်ပြိုင်ကစားရာ အိမ်ရှင်ဂျာမနီက ၄ဂိုး-၂ဂိုးဖြင့် အနိုင်ရသွားသည်။

ဂျာမနီအတွက် ၆မိနစ်တွင် ဖီလစ်လမ်း၊ ၁၇မိနစ်နှင့် ၆၁မိနစ်၌ ကလိုဆေးနှင့် ၈၇ မိနစ်၌ ဖရင်းတို့က သွင်းယူသည်။ ကော်စတာရီကာအတွက် နှစ်ဂိုးကို ၁၂မိနစ်နှင့် ၇၃မိနစ်တို့၌ ဝမ်ချော့ တစ်ဦးတည်းက သွင်းယူသည်။

(ကြေးမုံ)